မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး Mr. Daniel Toole ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ် တိုးတက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင် တိုးတက်အောင် ဆောင်ရွက်နိုင်မှုများ၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပိုမိုရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ရေရှည်ကောင်းကျိုးရရှိနိုင်မှုများနှင့် မြန်မာနိုင်ငံအတွင်း စီမံကိန်းအကူအညီအသစ်များ ပေးအပ်နိုင်ရေး၊ ယူနီဆက်ရန်ပုံငွေများ တိုးတက်ရရှိ အသုံးပြုနိုင်ရေး၊ ကျွမ်းကျင်မှုနည်းပညာများ အသုံးပြုနိုင်ရေး၊ ယူနီဆက်၏ လုပ်ငန်းကဏ္ဍစုံတွင် မြန်မာနိုင်ငံနှင့် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လူလိုက်ပါသော အာကာသယာဉ် ရုရှားအောင်မြင်စွာ လွှတ်တင် စာ-၄

ကမ္ဘာ့အကြီးဆုံး အလှကားများ စီတန်းလှည့်လည်ပွဲ အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ ကျင်းပ စာ-၅

ဝင်ငွေအကောင်းဆုံး ရုပ်ရှင်မင်းသား သရုပ်ဆောင် လီယိုနာဒို ဖြစ်လာနိုင် စာ-၅

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် ပေါ်တူဂီဘောလုံးသမား ၂၃ ဦးစာရင်းထုတ်ပြန် စာ-၁၀

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

၁၉၂၃ ခုနှစ်ထုတ် Leica ကင်မရာ ယူရို ၂ ဒသမ ၁၆ သန်းဖြင့် လေလံတင်ရောင်းချ

ဗီယင်နာ မေ ၁၅

*သြစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ သီတင်းပတ်ကုန်ပိုင်းက ၁၉၂၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့သော ရှားပါးကင်မရာအမျိုးအစားဖြစ်သည့် Leica ကင်မရာ **(ယာပုံ)**ကို ယူရို ၂ ဒသမ ၁၆ သန်းဖြင့် လေလံတင်ရောင်းချလိုက်ကြောင်း မေ ၁၄ ရက်တွင် သတင်းဖော်ပြသည်။ အဆိုပါ ဂျာမနီကင်မရာကို အမည်မဖော်လိုသူတစ်ဦးက ဝယ်ယူသွားခဲ့ကြောင်း၊ ကင်မရာသည် ရိုက်ကူးနိုင်ဆဲဖြစ်ကြောင်း၊ ၎င်းကင်မရာကို ၁၉၂၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း လေလံတင်ရောင်းချသူများက ပြောကြားသည်။ ယင်းကင်မရာကို ဗီယင်နာမြို့ ဝက်စ်လင့် လေလံတင်ရောင်းချရေးဌာနက* ***စာမျက်နှာ ၉ ကော်လံ ၂ ✻***

ကမ္ဘာပေါ်တွင် အကြီးဆုံးရေကူးကန်

တိုကျို မေ ၁၅

ဂျပန်နိုင်ငံ မီယာဆာကီမြို့တွင် ပြုလုပ်ထားသော ရေကူးကန်ကြီးတစ်ကန်ကို ကမ္ဘာပေါ်၌ အကြီးဆုံးရေကူးကန်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် မေ ၁၅ ရက်က ဖော်ပြသည်။

အဆိုပါ ရေကူးကန်ကြီး **(ဝဲပုံ)**သည် အဆောက်အအုံအတွင်း၌ တည်ဆောက်ထားသော ရေကူးကန်များအနက် အကြီးမားဆုံးဖြစ်သည်။ ၎င်းရေကူးကန်သည် အလျားပေ ၉၀၀၊ အနံပေ ၃၀၀ရှိပြီး ရေကူးအပန်းဖြေသူ ၁၅၀၀၀ခန့် တစ်ပြိုင်တည်း ရေကူးနိုင်အောင်တည်ဆောက်ထားသည်။ ***စာမျက်နှာ ၉ ကော်လံ ၂ ❍***

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မေ ၁၆ ရက်)

နေထိုင်မှုစနစ်ပြောင်းလဲလာခြင်းနှင့် ကျန်းမာရေးပြဿနာ

မျက်မှောက်ခေတ်သည်ကား တိုးတက်ပြောင်းလဲနေ၏။ ထိုအပြောင်းအလဲနှင့်အညီ လူတို့၏ နေမှု၊ ထိုင်မှုသည်လည်း ပြောင်းလဲလာ၏။ လူနေမှုစနစ် တိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးအတွက်ကောင်းသည့် အချက်များရှိသကဲ့သို့ မကောင်းသည့်အချက်များလည်းရှိ၏။ အထူးသဖြင့် ဇိမ်ခံခြင်းရောဂါ ကြီးထွားလာခြင်းပင်ဖြစ်၏။ ဇိမ်ခံခြင်းရောဂါမှသည် ရောဂါအမျိုးမျိုးဖြစ်စေနိုင်၏။

လူတို့၏သဘာဝအရ ငွေစကြေးစရှင်လာလျှင် ဇိမ်ခံတတ်ကြသည်။ ဝင်ငွေနည်းနည်းကောင်းသူက နည်းနည်းဇိမ်ခံသည်။ ဝင်ငွေများများကောင်းသူက များများဇိမ်ခံလေ့ရှိကြသည်။ နေထိုင်သည့်နေရာတွင်ဇိမ်ခံသည်၊ စားသည့်နေရာတွင်ဇိမ်ခံသည်၊ သွားသည့်နေရာတွင်ဇိမ်ခံသည်စသည်ဖြင့် ဇိမ်ခံခြင်းအမျိုးမျိုးရှိ၏။ ဇိမ်ခံခြင်းသည် တော်ရုံတန်ရုံကောင်း၏။ ဇိမ်ခံမှုလွန်ကဲလျှင် ကျန်းမာရေး ထိခိုက်နိုင်၏။

ယခုကဲ့သို့ ပူအိုက်လွန်းလှသည့်အချိန်တွင် လေအေးပေးစက်၊ ပန်ကာနှင့် ရေခဲသေတ္တာတို့သည် ဇိမ်ခံသူများအတွက် မသုံးမဖြစ်သုံးရသည့် ဇိမ်ခံပစ္စည်းများပင်ဖြစ်၏။ လေအေးပေးစက်၏အရသာကိုခံသည်။ ပန်ကာလေနှင့်မှ နေလို့ရသည်။ ရေခဲရေလေးသောက်လိုက်မှ ရင်ထဲအေးသွားသည် စသည်ဖြင့် ဇိမ်ခံလေ့ရှိကြ၏။ သို့သော် လေအေးပေးစက် အရသာခံလွန်း၍ အအေးမိခြင်း၊ ပန်ကာလေမိ၍ ဖျားခြင်း၊ ရေခဲရေသောက်တာများ၍ ဖျားနာခြင်း စသော ဆိုးကျိုးများကို သတိမမူမိသူ အလွန်ရှား၏။ ထို့ကြောင့်လည်း မလိုလားအပ်သော ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရ၏။

တစ်ဖန် စားသည့်နေရာတွင်လည်း ဇိမ်ခံတတ်ကြသေးသည်။ ဆန်ဆို ဆန်နုမှ၊ ဟင်းဆို ဆီပြန်နေမှ၊ ငါးပိရည်တို့စရာလည်းပါဦးမှ စသည်ဖြင့် ပါးစပ်အရသာ ခံကြပြန်၏။ ဆန်နုဆန်ကောင်းကို အရှည်စွဲစားသဖြင့် သွေးအတွင်း ကိုလက်စထရောများတိုးပွားလာနိုင်သည်။ ထို့အတူဆီစားလွန်ကဲမှု၊ အငန်အလေးစားသုံးခြင်း ကြိမ်ဖန်များလာလျှင် ရောဂါတစ်ခုခုဖြစ်ဖို့ နီးလာပြီဆိုသည်ကို သတိပြုသင့်ပေသည်။

ထို့အတူ သွားသည့်နေရာတွင်လည်း ဇိမ်ခံကြသေးသည်။ ဟိုနားဒီနားတစ်မိုင်သာသာလောက်ရှိသည့်ခရီးကိုပင် ကားစီးသွားကြသည်။ဆိုင်ကယ်စီးကြသည်။ အပင်ပန်းခံလမ်းမလျှောက်ကြတော့။ ထို့ကြောင့်လည်း အညောင်းအညာမိခြင်း၊ ဒူလာစွဲခြင်း စသောရောဂါတို့စွဲကပ်လေတော့၏။ သွားသည့်အခါ လာသည့်အခါ ဇိမ်ခံလွန်းခြင်းသည်လည်း မကောင်းပါပေ။ "အိုဗျာ…ကိုယ်ပိုက်ဆံရှိလို့ဇိမ်ခံတာ ဘာဖြစ်မှာတဲ့တုံး၊ လူဆိုတာ မသေခင်ဇိမ်ခံရတာ၊ သေသွား ကိုယ့်နောက်ပါမှာမဟုတ်ဘူး" ဟူ၍ ပြောသူများ ရှိကောင်းရှိပေလိမ့်မည်။ မှန်ပါသည်။ သွားသည့်နေရာမှာဖြစ်ဖြစ်၊ စားသည့်နေရာမှာဖြစ်ဖြစ် နေရာတကာဇိမ်ခံ လွန်းလျှင်တော့ အဝလွန်ခြင်းမှတစ်ဆင့် သွေးတိုး၊ နှလုံး၊ ဆီးချိုစသော ရောဂါအမျိုးမျိုးစွဲကပ်လာမည်မှာ သေချာပါသည်။

သို့ပါသောကြောင့် လူတို့၏နေထိုင်မှုစနစ်များ ပြောင်းလဲလာချိန်တွင် အစားအသောက်၊ အနေအထိုင်၊ အသွားအလာတို့နှင့် ပတ်သက်၍ အလွန်အကျွံဇိမ်ခံခြင်းများသည် ကျန်းမာရေးရှုထောင့်ကကြည့်လျှင် မကောင်းပါ။ အလွန်အကျွံဖြစ်လျှင် ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်မည်ကို သတိပြုဆင်ခြင်နိုင်ကြပါစေရန် အကြံပြုရေးသားလိုက်ရပါသည်။ ။

ရွှေလုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းမှုခင်းအသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ပထမလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မှုခင်းအသိပညာပေး ဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး မျိုးအောင်က ရွှေဆိုင်များ လုံခြုံရေးသတိနှင့် မှုခင်းအသိပညာ သိရှိနိုင်ရေးအတွက် ဆွေးနွေး ဟောပြောသည်။ ထို့နောက် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသူတော်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် **(အပေါ်ပုံ)**က အသင်း၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အတွင်းရေးမှူး ဦးဝင်းမြင့်က ရွှေ့လုပ်ငန်းစဉ်များနှင့် ပညာပေးသင်တန်းများဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၆၈)**

လယ်ယာမြေဥပဒေရှင်းလင်းပွဲ သဲကုန်း၌ကျင်းပ

သဲကုန်း မေ ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနက ကြီးမှူး ကျင်းပသော လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေရှင်းလင်းပွဲ အခမ်းအနားကို သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်မြေစာရင်း ဦးစီးဌာနဦးစီးအရာရှိ ဦးအောင်မြင့်က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား အသစ်ထပ်မံပြဋ္ဌာန်းသည့် လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်းဦးစီး)**

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး မော်လမြိုင်ကျွန်းမြို့၌ ဆောင်ရွက်

မော်လမြိုင်ကျွန်း မေ ၁၅

မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလ (၁)လမ်း ဆိပ်ကမ်းတံတားတွင်ဆိုက်ကပ်ထားသော ရန်ကုန်-မော်လမြိုင်ကျွန်း အောင်သီရိမော်ရေယာဉ်ပေါ်၌ ကြက်ခြင်းခြောက်ခြင်းဖြင့် သယ်ဆောင်လာသည့် အသားစားကြက်များ မူရင်းဒေသမှ သယ်ဆောင်ရာတွင် ကျန်းမာရေးထောက်ခံချက်ပါရှိခြင်း ရှိမရှိကို မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးအရာရှိ ဦးသန်းရှိန် ဦးဆောင်သော တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့က မေ ၁၃ ရက် နံနက် ၆ နာရီတွင် ကြည့်ရှုစစ်ဆေးကြသည်။

ပညာပေးဆွေးနွေး

ထို့နောက် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့သည် ကြက်၊ ဘဲနှင့် အခြားတိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများ သယ်ဆောင်ရောင်းချရာတွင် ကျန်းမာရေးထောက်ခံချက်မပါရှိဘဲ သယ်ဆောင်ရောင်းချခြင်းမပြုကြရန်နှင့် ရေယာဉ်တာဝန်ရှိသူများ၊ ကြက်ပိုင်ရှင်ကုန်သည်များအား ရေယာဉ်ဆိပ်ကမ်း၌ပင် ကြက်များ၏ ကျန်းမာရေးအခြေအနေတို့ကို မျက်မြင်စစ်ဆေးသယ်ဆောင်ကြရန် လိုအပ်ကြောင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများဖွင့်လှစ်

မိတ္ထီလာ မေ ၁၅

လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းအမှတ်စဉ် (၁/၂၀၁၂)နှင့် အမှတ်စဉ်(၂/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း မိတ္ထီလာမြို့၌ မေ ၇ ရက် နံနက် ၉ နာရီက ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းများသို့ ကယားပြည်နယ်မှ ၂၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၃ ဦး၊ ကချင်ပြည်နယ်မှ ၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၄၀၇)**

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား မိုင်းဆတ်၌ကျင်းပ

မိုင်းဆတ် မေ ၁၅

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက မြို့နယ်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးသောင်းတင်ထွေးက ဂုဏ်ပြု အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲကျင်းပရာ ၂၀၁၁ ခုနှစ် တစ်နှစ်တာအတွင်း မြို့နယ်၌ စည်းကမ်းသေဝပ်ပြီး ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော မယ်နင်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့၊ ကျဒယ်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့၊ ဝိန်းဝိုင်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့သစ်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့တို့အား ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ၂၀၁၁ ခုနှစ် တစ်နှစ်တာအတွင်း ၂၄ နာရီအချိန်ပြည့်တာဝန်ထမ်းဆောင်ခဲ့သော မြို့နယ် တပ်ခွဲမှူး ထွန်းမြင့်စိုးနှင့် မြို့နယ်ဒုတိယတပ်ခွဲမှူး သန်းတင့်တို့အား ခရိုင်ရဲတပ်ဖွဲ့မှူးကလည်းကောင်း၊ မီးသတ်တပ်ဖွဲ့တွင် ၂၅ နှစ်အထက် စေတနာ၊ ဝါသနာ၊ အနစ်နာခံ တာဝန်ထမ်းဆောင်သော ဒုတိယတပ်ရင်းမှူးအောင်ဇော်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခရိုင်မီးသတ်တာဝန်ခံအရာရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်မင်းက အရာရှိ ခန့်အပ်လွှာများကိုပေးအပ်ရာ အရာရှိများ ကိုယ်စား ဒုတိယတပ်ခွဲမှူး သန်းတင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မီးသတ်)**

ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းအုပ်စု သရက်ချောင်းကျေးရွာအနီး ကလီထော်ဆည်ဦးရှိ ရသေ့တောင်ပေါ်တွင် ဗုဒ္ဓဂယာမှ ပင့်ဆောင်စိုက်ပျိုးထားသော မဟာဗောဓိပင်ကို (၁၇)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားအား မေ ၅ ရက် (ကဆုန်လပြည့်)မွန်းလွဲ ၁ နာရီက အဆိုပါ တောင်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကလီထော်ဆည် အနီးရှိ ပျဉ်းမတော်ကျေးရွာ၊ သရက်ချောင်းကျေးရွာနှင့်ခြံများမှ ဓမ္မမိတ်ဆွေ အလှူရှင်များက မဟာဗောဓိပင်ကို ဗုဒ္ဓဂုဏ်တော်များရွတ်ဆို၍ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ အဆိုပါ ရသေ့တောင်ပေါ်တွင် မဟာဗောဓိပင်ခုနစ်ပင် စိုက်ပျိုးပူဇော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆေးတက္ကသိုလ်(၂) ရန်ကုန် ဗုဒ္ဓဘာသာအသင်းမိသားစု ညောင်ရေသွန်းပွဲ နှင့် ဆီမီးတစ်ထောင် ကပ်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၅

ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ် ဦးဆောင်၍ ဗုဒ္ဓဘာသာအသင်းဝင် ဆရာ ဆရာမ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများသည် မေ ၅ ရက် ညနေ ၅ နာရီခွဲက ရွှေတိဂုံစေတီတော်မြတ်၌ ညောင်ရေသွန်းခြင်း၊ ဆီမီးတစ်ထောင်ကပ်လှူပူဇော်ခြင်း၊ ဘုရားဖူးများအား စတုဒိသာအအေးတိုက်ကျွေးခြင်းနှင့် ဘုရားဝတ်ပြုခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။
(အောက်ပုံ) (မြန်မာ့အလင်း)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ (MCCI) အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှသံအမတ်ကြီး H.E. Major General Anup Kumar Chakma နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ Metropolitan Chamber of Commerce & Industry(MCCI) ဥက္ကဋ္ဌ Maj Gen Amjad Khan Chowdhury (Retd) ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်လွင်၊ ဦးထွန်းအောင်၊ ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ခင်မြင့်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဗဟိုအလုပ်အမှုဆောင်နှင့် စီးပွားရေးလုပ်ငန်းရှင်များသည် မေ ၈ ရက် မွန်းလွဲ ၂ နာရီက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံကြသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအပြန်အလှန် ချစ်ကြည်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပုံမှန်နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းကိစ္စများ၊ မြေယာငှားရမ်းဆောင်ရွက်နိုင်မည့် အခြေအနေနှင့် စက်မှုဇုန်လုပ်ငန်းအခြေအနေတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ **မီးသတ်ဦးစီးဌာန**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူး Mr. Daniel Toole နှင့်အဖွဲ့သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံသည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များအနက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် အသုံးစရိတ် ပိုမိုသုံးစွဲမှုအခြေအနေများ၊ မြန်မာနိုင်ငံရှိကလေးများ၏ ပညာရေးနှင့်ကျန်းမာရေး ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ယူနီဆက်မှပူးပေါင်းပါဝင်ပံ့ပိုးကူညီပေးမှု အခြေအနေများနှင့် ယူနီဆက်အနေဖြင့် အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ရင်ချင်းဆက်အမြွှာ ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မေ ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ အရေးပေါ်ခွဲစိတ်ကုသမှု ခံယူထားသော ရင်ချင်းဆက်အမြွှာ ဘောဘီချိုချိုဝင်းကို ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် မေ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် Inauguration of UMFCCI Initiative Myanmar Business Community Program- HIV/ AIDS အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အကြံပေး အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ HIV/ AIDS အထူးကိုယ်စားလှယ် Dr. Nafis Sadik က အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံ၊ မြန်ရွှေပြည်ကုမ္ပဏီလီမိတက်မှ ဦးစန်းအောင်နှင့် Myanmar Business Coalition on AIDS မှ ဥက္ကဋ္ဌ ဦးမာတင်ပန်းတို့က Business Community Charter on HIV/ AIDS နှင့်စပ်လျဉ်း၍ တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်အား Business Representative and Social Security Board (SSB) Representative Certificate ကို ပေးအပ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Business Community Charter on HIV/AIDS သို့ကုန်သည်/စက်မှုအသင်းချုပ် အသင်းဝင် ကုမ္ပဏီပေါင်း(၇၂)ခုက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် Inauguration of UMFCCI Initiative Myanmar Business Community Program- HIV/ AIDS အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပဲခူးမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ပဲခူး မေ ၁၅

ပဲခူးမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းရေးအခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သက်မူ၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် စာရေးဆရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးလှဌေး(မောင်မောင်လှဌေး-ဥပဒေ)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိန်(တင်မြင့်ကြွယ်-ပဲခူး)၊ အတွင်းရေးမှူး ဦးရဲမြင့်သန်း(မောင်လူအေး-ပဲခူး)၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း(သတင်းထောက်တင်ဝင်း)၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်စန္ဒာဆွေ(ညိုမှူးခင်ခင်)၊ အလုပ်အမှုဆောင်များအဖြစ် ဦးအေးသန်း(ဇော်ဇော်လှိုင်-ပဲခူး)နှင့် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)တို့ဖြင့် ဖွဲ့စည်းပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဦးလှဌေး(မောင်မောင်လှဌေး-ဥပဒေ)နှင့် ဦးတင်ဝင်း(သတင်းထောက်တင်ဝင်း)တို့ကို ရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၃၁)

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၉ ရက်က ငမိုးရိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ကျော်စိုးဝင်းက မူခင်း ကျဆင်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောစဉ်။ စမ်းစမ်းကြည်(သဃ်န်းကျွန်း)

ပုလဲသွယ်မျိုးစပါး တောင်သူများလေ့လာ

ကျောက်မဲ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာအုပ်စုအတွင်း နွေစပါးရာသီတွင် စိုက်ပျိုးထားရှိသော အထူးအထွက်တိုး ပုလဲသွယ်မျိုးစပါး စိုက်ကွက်များသို့ မေ ၁၃ ရက်က ဒေသခံတောင်သူများ သွားရောက်လေ့လာကြသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်နန်းလွင်လွင်စိန်က ပုလဲသွယ်မျိုးစပါးစိုက်ပျိုးနည်းစနစ်နှင့် မြေသြဇာသုံးစွဲနည်းများကို ရှင်းလင်းပြောကြားရာ ကျောက်မဲမြို့နယ်အတွင်းရှိ နားအိုက်ခန့်၊ စခန်းသာ၊ လွယ်ခေါ်၊ တံခွန်တိုင်၊ ချောင်းချောက်၊ ဗူးခါး၊ ကျောက်မဲကြီးနှင့်ခိုမုန်းကျေးရွာများမှ တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

မြို့နယ်စာရေးဆရာအသင်းသို့ ငွေနှင့် ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်း

ကောလင်း မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက်က အသင်းရုံးခန်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးပြည့်စုံငြိမ်း(ရွှေလင်းပြည့်စုံ)က မြို့နယ်စာရေးဆရာအသင်း ရန်ပုံငွေစုဆောင်းရေး၊ အသင်းဆိုင်းဘုတ်တင်ရေး၊ ကျေးလက်ဒေသ စာပေမြှင့်တင်ရေး၊ စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းရေး၊ နှုတ်မှု စွမ်းရည်ပြိုင်ပွဲများပြုလုပ်ရေးနှင့် နယ်မြေအလိုက် စာပေအဖွဲ့ဝင်များ ကွင်းဆင်းဟောပြောနိုင်ရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် ကောလင်းမြို့ ခင်မို့မို့စာပေက ငွေကျပ်ငါးသောင်းနှင့်ဂျာနယ် ၂၀၀၊ ကြယ်စင်စာပေက ငွေကျပ်သုံးသောင်းနှင့် ဂျာနယ် ၁၀၀ တို့ကို ဦးနေဦး (အမျိုးသားစာပေဆုရ ကိုနေ-ကောလင်း)ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရှိရသည်။ **(ဝ၉၂)**

တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၁၅

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့နှင့် မကွေးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျိုက်မရောမြို့တွင် ၀ ဒသမ ၈၆ လက်မ၊ မော်ဘီမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၇၅ လက်မ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၇၀ လက်မနှင့် ကျောက်တော်မြို့တွင် ၀ ဒသမ ၅၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သွားဘက်ဆိုင်ရာဆေးပညာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)က ကြီးမှူးကျင်းပသော စဉ်ဆက်မပြတ် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲ အစီအစဉ်အရ Zizawa Healthcare မှပံ့ပိုးမှုဖြင့် မေ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာဆရာဝန်အသင်းခန်းမ၌ ပါမောက္ခဒေါက်တာ ဒေါ်မြင့်မြင့်စန်းက Introduction to Implant Supported Fixed Prostheses ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာမြတ်ဉာဏ်က Implant Prosthetic Options: Removable Denture Prostheses ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်နိုင်ကြကြောင်း သိရှိရသည်။

(သွားဘက်ဆိုင်ရာဆရာဝန်အသင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၆-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၃၀	နံနက်ခင်းသတင်း

ညပိုင်း

၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
၄း၅၅	သီချင်းကြီးပဒေသာ
၅း၀၅	ပီသကြည်မြ မဟာဂီတ
၅း၃၅	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၁၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - မြန်မာဗီဒီယိုဇာတ်လမ်း

ကိုင်းဆက်ပန်း

မင်းမော်ကွန်း၊မင်းခ၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ၊ ခင်လေးနွယ် (ဒါရိုက်တာ-နောင်ထွန်းလွင်)

မိုးမြင့်လင်းလက် - စုစည်းသည်

ဆာရာယေဗို၌ နှင်းမုန်တိုင်းတိုက်ခတ်

ဆာရာယေဗို မေ ၁၅

ဘော့စနီးယားနိုင်ငံ မြို့တော်ဆာရာယေဗိုတွင် မေ ၁၅ ရက် နံနက်က နှင်းမုန်တိုင်းများတိုက်ခတ်ပြီး ဆီးနှင်းများဆိုးရွားစွာကျဆင်းခဲ့သဖြင့် မော်တော်ယာဉ်များ သွားလာမှုပြတ်တောက်ခဲ့ကြောင်း ဘော့စနီးယားအရာရှိများက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဆာရာယေဗိုမြို့အနီး တောင်တန်းများပေါ်တွင်လည်း ဆီးနှင်းများဖုံးလွှမ်းလျက်ရှိပြီး နေအိမ်များတွင်လည်း ဆီးနှင်းခဲများဖုံးအုပ်လျက်ရှိသည်။ ဂျာဟိုရီနာမြို့တွင်လည်း ဆီးနှင်းထု ၃၀ စင်တီမီတာအထိ ကျဆင်းလျက်ရှိသည်။

ဖုံးလွှမ်း

ဆီးနှင်းများဖုံးလွှမ်းနေမှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ဓာတ်အားဖြန့်ဖြူးမှုနှောင့်နှေးကြန့်ကြာလျက်ရှိသည်။ အဓိကအဝေးပြေးကားလမ်းမကြီး လေးလမ်းနှင့် မြို့တွင်းကားလမ်းများပေါ်တွင် ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည်။

ထို့အတူ ဆာရာယေဗိုမြို့တော်နှင့် အနီးဝန်းကျင်တွင် အပူချိန်အနုတ် ၂၀ ဒီဂရီအထိ ကျဆင်းလျက်ရှိကြောင်း၊ ဒေသခံများ အအေးဒဏ်ကို ဆိုးရွားစွာကြုံတွေ့ရလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

လူလိုက်ပါသောအာကာသယာဉ် ရုရှားအောင်မြင်စွာလွှတ်တင်

မော်စကို မေ ၁၅

ရုရှားနိုင်ငံက လူလိုက်ပါသွားသော ဆိုယုဇ်တီအမ်အေ-၀၄ အမ် အာကာသယာဉ်ကို ကာဇက်စတန်ရှိ ဘိုင်ကူနာ့ဗ်အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ မေ ၁၅ ရက် နံနက်က လွှတ်တင်လိုက်ကြောင်း ရုရှားအရာရှိများက သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

အဆိုပါအာကာသယာဉ်ကို ယင်းနေ့ မော်စကိုစံတော်ချိန် နံနက် ၇ နာရီက လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ယင်းအာကာသယာဉ်နှင့်အတူ ရုရှားအာကာသယာဉ်မှူးနှစ်ဦးဖြစ်သော ဂန်နာဒီပါဒါကာနှင့် ဆာဂီရီဗင်တို့အပြင် နာဆာအာကာသယာဉ်မှူး ဂျိုးအက်ကာဘာတို့ သုံးဦးလိုက်ပါသွားခဲ့ကြသည်။

ရောက်ရှိသွား

၎င်းအာကာသယာဉ်ကို သယ်ဆောင်သွားသည့် ဒုံးပျံသည် လွှတ်တင်ပြီး ၁၀ မိနစ်ခန့်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားကြောင်း၊ နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ယင်းနေ့ မော်စကိုစံတော်ချိန် ၈ နာရီ ၃၉ မိနစ်၌ ချိတ်ဆက်မည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

လိုက်ပါသွားသည့် အာကာသယာဉ်မှူးများအနက် ဂန်နာဒီပါဒါကာမှာ အာကာသခရီးစဉ် လေးကြိမ်မြောက်ဖြစ်ပြီး ဆာဂီရီဗင်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဖူကျန်ပြည်နယ်အရှေ့ပိုင်း၌ သင်္ဘောနစ်မြုပ် ခရီးသည်နှင့်ဝန်ထမ်းများအား ကယ်ဆယ်နိုင်

ဖူကျို့ မေ ၁၅

တရုတ်နိုင်ငံ ဖူကျန်ပြည်နယ် အရှေ့တောင်ပိုင်း မင်ကျန်းမြစ်အတွင်း မေ ၁၅ ရက် နံနက်က ခရီးသည်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောပေါ်ရှိ ခရီးသည်အားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း မေ ၁၅ ရက်က သတင်းထုတ်ပြန်သည်။

နစ်မြုပ်ခဲ့

ဂိုလ်ဒင်းဒရက်ဂွန်အမည်ရှိ ၎င်းသင်္ဘောသည် တရုတ်(တိုင်ပေ)ရှိ မာကူဆိပ်ကမ်းမှ ဖူကျန်ပြည်နယ် မာစီဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် မေ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်က နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

လိုက်ပါလာ

၎င်းသင်္ဘောနစ်မြုပ်ရာသို့ ဖူကျန်ပြည်နယ်ရေကြောင်းသုတေသနနှင့် ကယ်ဆယ်ရေးဌာနမှ ကယ်ဆယ်ရေးအဖွဲ့များလွှတ်ကာ ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ယင်းသင်္ဘောပေါ်တွင် ခရီးသည် ၁၄၈ ဦးနှင့်သင်္ဘောဝန်ထမ်းငါးဦးတို့ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

သင်္ဘောနစ်မြုပ်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ မည်သည့်အတွက်ကြောင့် သင်္ဘောနစ်မြုပ်ခဲ့ရသည်ကို မသိရှိရသေးကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အေဒင် မေ ၁၅

ယီမင်ဓာတ်ငွေ့ပိုက်လိုင်း အယ်လ်ခိုင်ဒါအဖွဲ့ဖျက်ဆီး

ယီမင်နိုင်ငံ အရှေ့တောင်ပိုင်း ရှာဘွားပြည်နယ်မှ ဓာတ်ငွေ့ပိုက်လိုင်းကို အယ်လ်ခိုင်ဒါ လက်နက်ကိုင်အုပ်စုက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက မေ ၁၄ ရက်တွင် ပြောကြားသည်။

ဖျက်ဆီး

နိုင်ငံအလယ်ပိုင်း မားရစ်ပြည်နယ်မှ ဓာတ်ငွေ့များကို အေဒင်ပင်လယ်ကွေ့ ဘားဟက်မှတစ်ဆင့် ပြည်ပသို့တင်ပို့ရန် သွယ်တန်းထားသည့် ပိုက်လိုင်းကိုအယ်လ်ခိုင်ဒါအုပ်စုက မေ ၁၃ ရက်ညတွင် ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်သည်။ **(ယာပုံ)**

နှစ်လအတွင်း ရှာဘွားပြည်နယ်၌ ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရခြင်းမှာ ယခုအကြိမ်သည် စတုတ္ထအကြိမ်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နယ်စပ်လုံခြုံရေးနှင့် မှောင်ခိုသမားတို့ ပဋိပက္ခဖြစ်ပွား

တူးနစ် မေ ၁၅

တူနီးရှားနှင့်လစ်ဗျားနှစ်နိုင်ငံနယ်စပ်အနီးတွင် တူနီးရှားနယ်စပ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် မှောင်ခိုသမားများနှင့် တွေ့ဆုံပဋိပက္ခဖြစ်ကြောင်း တီအေပီသတင်းဌာနက မေ ၁၃ ရက်တွင် ကြေညာသည်။

လစ်ဗျားနိုင်ငံသို့ ထရပ်ကားအစီး ၃၀ နှင့်အတူ သစ်သီးများ၊ လျှပ်စစ်ပစ္စည်းများသယ်ယူလာသည့် မှောင်ခိုသမားများနှင့်ရဲ၊ အကောက်ခွန်နှင့် စစ်တပ်ပူးတွဲလုံခြုံရေးအဖွဲ့တို့ တွေ့ဆုံပဋိပက္ခဖြစ်မှုကြောင့် လူနှစ်ဦးဒဏ်ရာရရှိသွားသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်လျက်ရှိနေသည့် ဘင်ဂွါဒင်မြို့မှ အရောင်းဈေးသည်များက မကျေမနပ်ဖြစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ဟူနန်ပြည်နယ်၌ မိုးမုန်တိုင်းကျ ပြည်သူ ၁၇၂၀၀၀ ပြောင်းရွှေ့ထားရ

ချန်ရှာ မေ ၁၅

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် မိုးမုန်တိုင်းကျရောက်သဖြင့် ပြည်သူ ၁၇၂၀၀၀ တို့ကို ပြောင်းရွှေ့နေရာချထားပေးလိုက်ရကြောင်း ဒေသခံအာဏာပိုင်များက မေ ၁၄ ရက်တွင် ပြောကြားသည်။

ဟူနန်ပြည်နယ် ခရိုင် ၅၀ ၌ ပြည်သူ ၂ ဒသမ ၉၁ သန်း နေထိုင်လျက်ရှိရာ မိုးမုန်တိုင်းကြောင့် လူနေအိမ် ၃၆၀၀ ကျော် ပြိုကျပျက်စီးသည်။ (ဝဲပုံ)

ပြောင်းရွှေ့

ထို့ပြင် မိုးမုန်တိုင်းကျရောက်သည့်အတွက် ပြည်နယ်အတွင်းရှိ မြစ်ကြီးများ စိုးရိမ်ရေမှတ်အထက် ရောက်ရှိကုန်သဖြင့် ပြည်သူများကို ပြောင်းရွှေ့နေရာချထားရကြောင်း အာဏာပိုင်များက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၁၅-၅-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

ပျောက်ဆုံးနေသည့် ယူကရိန်းတောင်တက်သမားများ ပြန်လည်တွေ့ရှိ

တူရကီကယ်ဆယ်ရေးအဖွဲ့ဝင်များသည် နိုင်ငံအလယ်ပိုင်း နစ်ဒဲပြည်နယ်ရှိ ဒီမီယာကာဇက်တောင်တွင် ပျောက်ဆုံးနေသည့် ယူကရိန်းတောင်တက်သမား ၁၂ ဦးအနက် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသည်ကို တွေ့ရှိခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်း အနာတိုလီယာသတင်းဌာနက မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါသေဆုံးဒဏ်ရာရရှိသူများကို တူရကီလေတပ်ပိုင် ရဟတ်ယာဉ်ဖြင့် အဒါနာပြည်နယ်တောင်ပိုင်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း လေယာဉ်မှူး၏ ပြောကြားချက်အား အနာတိုလီယာသတင်းဌာနက ကိုးကားဖော်ပြသည်။ အခြားယူကရိန်းတောင်တက်သမားကိုးဦးမှာ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း၊ ယင်းတောင်ပေါ်မှ ၎င်းတို့၏နည်းလမ်းဖြင့်ပြန်လည်ဆင်းလာနေပြီဖြစ်ကြောင်း၊ ၎င်းတို့ကိုးဦးအား တူရကီကယ်ဆယ်ရေးအဖွဲ့များက အီမလီချိုင့်ဝှမ်းမှ စောင့်ကြိုနေလျက်ရှိကြောင်း လေယာဉ်မှူးက အစီရင်ခံစာတစ်ရပ်တွင် ထပ်လောင်းပြောကြားခဲ့သည်။

ချီလီနှင့် ပီရူးနယ်စပ်တွင် အင်အားပြင်းငလျင်လှုပ်

ချီလီနယ်စပ်အနီးနှင့် ပီရူးနိုင်ငံတောင်ပိုင်းတွင် မေ ၁၄ ရက်အစောပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့ကြောင်း ငလျင်ပညာရှင်များက ပြောကြားသည်။ အဆိုပါ မြေငလျင်သည် ယင်းနေ့ ဂရင်းနစ်စံတော်ချိန် ၁၀ နာရီက ချီလီနယ်စပ် အရီကာဆိပ်ကမ်းမြို့ အရှေ့မြောက်ဘက် ၁၀၇ ကီလိုမီတာနှင့် ပီရူးနိုင်ငံ တတ်စနာမြို့အရှေ့မြောက်ဘက် ၆၆ ကီလိုမီတာ မြေအောက် ၉၈ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ထုတ်ပြန်သည်။ ဒေသအာဏာပိုင်များ၏ ကနဦးထုတ်ပြန်ချက်အရ အဆိုပါငလျင်ကြောင့် တတ်စနာမြို့လမ်းများပေါ်တွင် လူဒါဇင်များစွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ အရီကာဆိပ်ကမ်းမြို့တွင် လူပေါင်း ၃၀၀၀ ကျော်မှာလည်း လျှပ်စစ်မီးများပြတ်တောက်မှုများ ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

ကနေဒါဝေဟင်ပိုင်နက်တွင် လေယာဉ်ငယ်နှစ်စင်းတိုက်မိ

ကနေဒါနိုင်ငံ ဆကတ်ချေဝမ်ပြည်နယ် ဝေဟင်လေကြောင်းပိုင်နက်အတွင်း မေ ၁၃ ရက် နံနက်ပိုင်းက လေယာဉ်ငယ်နှစ်စင်းတိုက်မှုဖြစ်ပွားပြီးနောက် လူငါးဦးသေဆုံးခဲ့ကြောင်း၊ လိုက်ပါသူအားလုံး အသက်ရှင်ကျန်ရစ်သူမရှိကြောင်း အရာရှိများက ပြောကြားသည်။ ပထမလေယာဉ်သည် လူလတ်ပိုင်းအရွယ်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးကိုတင်ဆောင်ပြီး အယ်လ်ဘာတာပြည်နယ် ကာလီမြို့မှ ဆကတ်ချေဝမ်ပြည်နယ် စိမ့်ဘရစ်မြို့သို့ ပျံသန်းမောင်းနှင်လာခြင်းဖြစ်သည်။ ဒုတိယလေယာဉ်မှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို တင်ဆောင်ကာ ဆကတ်ချေဝမ်ပြည်နယ်အတွင်းရှိ ရီဂျင်နာမြို့မှ လာရွန်ဂျီမြို့သို့ ပျံသန်းလာခြင်းဖြစ်သည်။ အဆိုပါလေယာဉ်နှစ်စင်းမှာ ဆကတ်ချေဝမ်ပြည်နယ် ဝေဟင်လေကြောင်းပိုင်နက်အတွင်း တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ချက်ချင်းမသိရသေးကြောင်း ကနေဒါသယ်ယူပို့ဆောင်ရေးအဖွဲ့က ပြောကြားသည်။ ပထမလေယာဉ်ပျက်ကို ယင်းနေ့ဒေသစံတော်ချိန် ခန့်မှန်းခြေ နံနက် ၈ နာရီ မိနစ် ၅၀ က ရွှံ့ဗွက်တစ်ခုအတွင်း နစ်မြုပ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း ဒုတိယလေယာဉ်ကို ပထမလေယာဉ်ပျက်အနီး၌ ပင်တွေ့ရှိခဲ့ကြောင်း၊ လေယာဉ်နှစ်စင်း၏အပျက်အစီးသည် တစ်မိုင်ခန့်အကွာတွင် ရှိကြကြောင်း ကနေဒါရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

ကိုသစ္စာ – ရေးသားသည်

ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်ပါဝင်သည့် စနိုးဝှိုက်ရုပ်ရှင်ကားပြသပြီ

လော့စ်အိန်ဂျလိစ် မေ ၁၅

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ် ပါဝင်သရုပ်ဆောင်ထားတဲ့ Snow White & The Huntsmen အမည်ရှိတဲ့ ရုပ်ရှင်ကားကို အမေရိကန်နိုင်ငံတစ်ဝန်းမှာ မေ ၁၄ ရက်က စတင်ပြီး ရုံတင်ပြသနေပြီဖြစ်ပါတယ်။

အဲဒီဇာတ်ကားမှာ ခရစ္စတင်းစတီးဝပ်ဟာ စနိုးဝှိုက်မင်းသမီးအဖြစ် သရုပ်ဆောင်ထားပြီး အရင်က ရိုက်ကူးခဲ့ဖူးတဲ့ စနိုးဝှိုက်ရုပ်ရှင်ကားတွေထက် ပိုမိုထူးခြားစွာ သရုပ်ဆောင်ထားတယ်လို့ ဆိုပါတယ်။ **(ယာပုံ)**

ဒီဇာတ်ကားမှာ ခရစ္စတင်းစတီးဝပ်၊ ချာလစ်သီရွန်၊ ခရစ်ဟမ်စဝပ်နဲ့ ဆမ်ကလာဖန်တို့ အတူပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဒီဇာတ်ကားဟာ ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်အတွက် အောင်မြင်မှုရရှိမယ့်ဇာတ်ကားဖြစ်ပြီး ပရိသတ်အားပေးမှု အများအပြားရရှိမယ်လို့လည်း မျှော်မှန်းထားပါတယ်။ ဒီဇာတ်ကားဟာ ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်ကိုယ်တိုင် ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်တာဖြစ်လို့ ဝင်ငွေစံချိန်ရရှိနိုင်ဖို့အတွက်လည်း ရင်ခုန်နေတယ်လို့ သတင်းထောက်တွေနဲ့ ဆုံတွေ့တဲ့အခါ ခရစ္စတင်းစတီးဝပ်က ပြောကြားပါတယ်။

အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်ဟာ မကြာမီက စတင်ရိုက်ကူးနေတဲ့ On the Road ဇာတ်ကားမှာလည်း မေရီလူအဖြစ် ပါဝင်သရုပ်ဆောင်နေပါတယ်။ ဘဝကို ကြုံသလိုဖြတ်သန်းပေမယ့် အကောင်းဆုံးရပ်တည်ချက်နဲ့ ဦးတည်ချက် အပျောက်မခံတဲ့ အမျိုးသမီးငယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကိုလည်း ရုပ်ရှင်မင်းသမီး ခရစ္စတင်းစတီးဝပ်က ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်တာဖြစ်ပါတယ်။ ဒါ့အပြင် Twilight Saga: Breaking Dawn- Part-2 ဇာတ်ကားကလည်း မေလကုန်မှာပြသဖို့ စီစဉ်ထားတာမို့ ဟောလိဝုဒ်မှာတော့ ရုပ်ရှင်ကားတွေ တစ်ကားပြီးတစ်ကား ပါဝင်ရိုက်ကူးနေသူဖြစ်ပါတယ်။ **(အင်တာနက်)**

ဝင်ငွေအကောင်းဆုံး ရုပ်ရှင်မင်းသား သရုပ်ဆောင် လီယိုနာဒို ဖြစ်လာနိုင်

လော့စ်အိန်ဂျလိစ် မေ ၁၅

ဟောလိဝုဒ်ရုပ်ရှင်မင်းသားလီယိုနာဒို **(ယာပုံ)**သည် ၂၀၁၂ ခုနှစ်တွင်လည်း ဟောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်မင်းသားတစ်ဦးအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း မေ ၁၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

လီယိုနာဒိုသည် ၂၀၁၂ ခုနှစ်အတွင်း ရုပ်ရှင်ကားများ ဆက်တိုက်ရိုက်ကူးလျက်ရှိသည့်အပြင် ပြသဆဲကားများ၌လည်း ၂၀၁၂ ခုနှစ် မေလပထမသီတင်းပတ်အထိ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ရရှိနေပြီဖြစ်သည်။ ရုပ်ရှင်မင်းသားလီယိုနာဒိုသည် ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် မေလမှ ၂၀၁၁ ခုနှစ် မေလအထိ အနုပညာလုပ်ငန်းများမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၇ သန်း ရရှိခဲ့ပြီး ဟောလိဝုဒ်၏ဝင်ငွေအကောင်းဆုံး ထိပ်တန်း ရုပ်ရှင်မင်းသားငါးဦးတွင် ထိပ်ဆုံး၌ရပ်တည်ခဲ့သည်။

ဒုတိယအများဆုံး

ကမ္ဘာကျော်ဖောဘတ်မဂ္ဂဇင်းမှ စာရင်းထုတ်ပြန်ချက်အရ ပြီးခဲ့သည့်နှစ်က ဒုတိယဝင်ငွေအကောင်းဆုံးဟောလိဝုဒ်ရုပ်ရှင်မင်းသားမှာ ဂျွန်နီဒက်ပ်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဟောလိဝုဒ်၌ တတိယဝင်ငွေအကောင်းဆုံးရုပ်ရှင်မင်းသားမှာ အဒမ်ဆန်လာ ဖြစ်ပြီး ဒေါ်လာသန်း ၄၀ ဖြစ်သည်။

စတုတ္ထဝင်ငွေ အကောင်းဆုံးမှာ ရုပ်ရှင်မင်းသား ဝီလ်စမစ်ဖြစ်ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ၃၆ သန်း ရရှိခဲ့ကာ ပဥ္စမဝင်ငွေအကောင်းဆုံးရုပ်ရှင်မင်းသားမှာ တွမ်ဟင့်ခ်ဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၃၅ သန်းဖြစ်သည်။

ရုပ်ရှင်မင်းသားလီယိုနာဒိုမှာ ၂၀၁၂ ခုနှစ်အတွက် အနုပညာအရပ်ရပ်မှ ဝင်ငွေရရှိမှုမှာ ပြီးခဲ့သည့်နှစ်ကထက် ကျော်လွန်ပြီး ဒေါ်လာသန်း ၁၀၀ နီးပါးအထိ ရရှိနိုင်မည်ဟု သတင်း၌ဖော်ပြထားသည်။ **(အင်တာနက်)**

မျက်နှာခွဲစိတ်ကုသမှုခံယူထားတဲ့ ရုပ်ရှင်မင်းသမီး ဆန်ယီဂျင်း

ဆိုးလ် မေ ၁၅

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဆန်ယီဂျင်း ***(ယာပုံ)*** *ဟာ မျက်နှာကိုခွဲစိတ်ကုသမှု ပြုလုပ်ခဲ့တယ်လို့ မေ ၁၁ ရက်က အင်တာနက်သတင်းမှာ ဖော်ပြထားပါတယ်။*

ဆန်ယီဂျင်းဟာ တောင်ကိုရီးယားပရိသတ်တွေသာမကဘဲ အာရှပရိသတ်တွေပါ နှစ်ခြိုက်အားပေးခြင်းခံနေရတဲ့ တောင်ကိုရီးယားရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ပါတယ်။

အခုအချိန်မှာတော့ သူမရဲ့ နှာခေါင်းနဲ့ မျက်လုံးတစ်ဝိုက်ကို ခွဲစိတ်ကုသမှုပြုလုပ်ထားတာမို့ နဂိုထက်ပိုမိုလှပနေတယ်လို့ဆိုပါတယ်။ မျက်ရစ်တွေ ပေါ်ထွက်စပြုနေတဲ့ ရုပ်ရှင်မင်းသမီး ဆန်ယီဂျင်းဟာ မျက်နှာခွဲစိတ်ကုသမှုပြုလုပ်ခဲ့တယ်လို့တော့ ထုတ်ဖော်မပြောပေမယ့် ငြင်းဆိုမှုလည်း မပြုလုပ်ခဲ့ဘူးလို့ ဆိုပါတယ်။

ရုပ်ရှင်မင်းသမီး ဆန်ယီဂျင်းဟာ လောလောဆယ်မှာ Tower လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားမှာ သူမပါဝင် သရုပ်ဆောင်ထားမှုအပေါ် ပရိသတ်တွေကြိုက်နှစ်သက်လို့ နောက်ထပ် ရုပ်ရှင်ကားသစ်တစ်ကား ဆက်ပြီးရိုက်ကူးဖို့အတွက် အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းနဲ့ ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။

ရိုက်ကူး

ဒါ့အပြင် သူမပါဝင်သရုပ်ဆောင်ထားတဲ့ Accomplice လို့အမည်ပေးထားသော ရုပ်ရှင်ကားမှာလည်း ရိုက်ကူးနေပြီဖြစ်ရာ မကြာမီထုတ်လွှင့်ပြသတော့မှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းကထုတ်လွှင့်တဲ့ Secret Garden အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကိုလည်း ထုတ်လွှင့်ပြသနေတာမို့ ရုပ်ရှင်မင်းသမီး ဆန်ယီဂျင်းဟာ တောင်ကိုရီးယားမှာတော့ အောင်မြင်မှုရရှိနေတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦး ဖြစ်ပါတယ်။

အသက် ၃၀ ရှိပေမယ့် မျက်နှာပြင်ခွဲစိတ်ကုသမှုခံယူထားတဲ့ ဆန်ယီဂျင်းဟာ လှပလိုသူတွေအတွက် မျက်နှာခွဲစိတ်ကုသမှုကို တိုက်တွန်းတဲ့သူမဟုတ်ကြောင်း သတင်းမှာ ဖော်ပြထားပါတယ်။ ***(အင်တာနက်)***

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-ရေးသားသည်

အာဖဂန်နစ္စတန် ခို့စ်ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်း၌ ကျောင်းသား ၂၅၀ ခန့် အစာအဆိပ်သင့်သဖြင့် ဆေးရုံတင်ပို့ရ

ကဘူးလ် မေ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ၏ အရှေ့ပိုင်းပြည်နယ်ဖြစ်သော ခို့စ်ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် မေ ၁၅ ရက်က အစာအဆိပ်သင့်မှုဖြစ်ပွားသဖြင့် ကျောင်းသား ၂၅၀ ခန့် ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ပြည်နယ်ရဲဌာနက ပြောကြားသည်။ **(အောက်ပုံ)**

အစ္စမေခေးလ်ခရိုင်အတွင်းရှိ ဝါဇာအထက်တန်းကျောင်းတွင် ယင်းနေ့နံနက်ပိုင်းက ကျောင်းသား ၂၅၀ ခန့် အစာအဆိပ်သင့်မှုဖြစ်သဖြင့် ပြည်နယ်၏မြို့တော် ခို့စ်မြို့တွင်းရှိ ဆေးရုံသို့ အားလုံးကို တင်ပို့လိုက်ရကြောင်း၊ ကနဦးစစ်ဆေးမှုများအရ ကျောင်းသားများသောက်သည့်သောက်ရေတွင် မသန့်ရှင်းညစ်ညမ်းမှုများဖြစ်နေသည်ကို တွေ့ရပြီး ထိုသောက်ရေများ သောက်မိကြရာမှ အစာအဆိပ်သင့်ကြခြင်းဖြစ်ကြောင်း ပြည်နယ်ရဲဌာနအကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆက်လက်ပြောကြား

အစာအဆိပ်သင့်၍ ဆေးရုံတွင် ကုသမှုများပေးပြီးနောက် တချို့သော ကျောင်းသားများကို အိမ်ပြန်ခွင့်ပြုလိုက်သော်လည်း ကျောင်းသားအချို့မှာ ဆေးရုံတွင်ပင်ဆေး ဆက်လက်ကုသခံနေရဆဲဖြစ်ကြောင်း ၎င်းကပင် ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး အလှကားများစီတန်းလှည့်လည်ပွဲ အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ ကျင်းပ

ဟူစတန် မေ ၁၅

ကမ္ဘာ့အကြီးဆုံး အလှကားများစီတန်းလှည့်လည်ပွဲကို အမေရိကန်နိုင်ငံ၏ စတုတ္ထအကြီးဆုံး မြို့ဖြစ်သည့် ဟူစတန်မြို့တွင် မေ ၁၂ ရက်က ကျင်းပရာ ပွဲကြည့်ပရိသတ် သုံးသိန်းကျော်ခန့်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။ (ယာပုံ)

(၂၅)ကြိမ်မြောက် ကျင်းပသည့် ယခုအလှကားများ စီတန်းလှည့်လည်ပွဲတွင် စိတ်ကူးစိတ်သန်းမျိုးစုံဖြင့် ဒီဇိုင်းဆင်ထားသည့် ပုံစံအမျိုးမျိုးသော ကားစီးရေ ၃၀၀ ကျော်သည် ဟူစတန်မြို့အနှံ့ စီတန်းလှည့်လည်ခဲ့ခြင်းဖြစ်သည်။



စီတန်းလှည့်လည်သည့် အလှကားယာဉ်တန်းကြီးတွင် စိတ်ကူးဆန်းဆန်းဖြင့် ဒီဇိုင်းဆင်ထားသော မည်သည့် ဘီးတပ်ယာဉ်မျိုးမဆိုပါဝင်ပြီး တစ်ဘီးတပ်စက်ဘီး၊ မြက်ရိတ်စက်မှသည် မော်တော်ကားများနှင့် လက်တွန်းလှည်းများအထိ ပါဝင်ဆင်နွှဲကြခြင်းဖြစ်သည်။

အသင်းအဖွဲ့နှင့် အုပ်စုငယ်များ၊ အစိုးရနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ၊ ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများနှင့် တစ်ဦးချင်း သီးခြားပါဝင်ဆင်နွှဲသူများ၏ အလှပြယာဉ်မျိုးစုံဖြင့် အလှကားများ စီတန်းလှည့်လည်ပွဲကို ဆင်နွှဲကြခြင်းဖြစ်သည်။ ဟူစတန်အလှကားများ စီတန်းလှည့်လည်ပွဲတွင် ဈေးဝယ်လက်တွန်းလှည်းအား အသေးစားသင်္ဘောငယ်ပုံစံ တည်ဆောက်ပြသခဲ့သူ ကာရီကီပလာက "တစ်နှစ်ပတ်လုံးမှာ ဒီကားအလှပြပွဲကျင်းပတဲ့ရက်က ကျွန်မဘဝရဲ့ အနှစ်ခြိုက်ဆုံး ရက်တွေထဲမှာ ထိပ်ဆုံးကပါပါတယ်" ဟု ပြောကြားခဲ့သည်။ *(အင်တာနက်)*

ကျူးဘားနိုင်ငံအရှေ့ပိုင်း၌ ခရီးသည်တင်ဘတ်စ်ကား ချောက်အတွင်းထိုးကျ

ဟာဗားနား မေ ၁၅

ကျူးဘားနိုင်ငံအရှေ့ပိုင်းတွင် မေ ၁၄ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးတွင်းသို့ လမ်းချော်ထိုးကျခဲ့ရာ ငါးဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူများတွင် အရွယ်မရောက်သေးသော လူလားမြောက်စ မိန်းကလေးငယ်တစ်ဦးလည်း ပါဝင်ကြောင်း၊ ခရီးသည်တချို့တစ်ဝက် ဒဏ်ရာများ ရရှိခဲ့ကြကြောင်း အမျိုးသားရဲတပ်ဖွဲ့က ပြောကြားသည်။

ဟာဗားနားမြို့မှ ၇၃၅ ကီလိုမီတာအကွာအဝေးတွင်ရှိသော ဟိုဂျန်းပြည်နယ် ရာဖဲလ်ဖရေးရီမြို့အတွင်း၌ အဆိုပါခရီးသည်တင်ဘတ်စ်ကား မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ကုန်းတစ်ကုန်းပေါ်သို့ မောင်းနှင်စဉ် တိမ်းမှောက်ခဲ့၍ ချောက်ကမ်းပါးအတွင်းထိုးကျခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ရုံးက သတင်းဌာနသို့ပြောကြားသည်။ အဆိုပါခရီးသည်တင်ဘတ်စ်ကား တိမ်းမှောက်ရခြင်းအကြောင်းအရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား လက်နက်ကိုင် ၁၃ ဦး သေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရ

ပက်ရှဝါ မေ ၁၅

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများတွင် လက်နက်ကိုင် ၁၃ ဦး သေဆုံးပြီး ရဲဝန်ထမ်းလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မေ ၁၄ ရက်က ဖော်ပြသည်။

ခိုင်ဘာပြည်နယ်ရှိ ဘာရာဒေသ၌ မေ ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်ကို လက်နက်ကိုင်များ လာရောက်တိုက်ခိုက်ရာ စစ်သားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်က ပြန်လည်တိုက်ခိုက်သဖြင့် တိုက်ပွဲဖြစ်ပွားပြီး လက်နက်ကိုင် ၁၀ ဦး ကျဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကူရမ်တီဟာစီပြည်နယ် အန်ဇီကီကန်ဒိုဗီဒေသရှိ လက်နက်ကိုင်များခိုအောင်းရာနေရာကို ပါကစ္စတန်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်သုံးဦးကို သုတ်သင်လိုက်နိုင်သည်။ အာဖဂန်နစ္စတန်နယ်စပ်ဒေသ မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင်း၌ မေ ၁၃ ရက်က ဖြစ်ပွားသည့် လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်တွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ယာဉ်တန်းကို အဝေးထိန်းခလုတ်ဖြင့် လက်နက်ကိုင်များက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အမေရိကန်နှင့် စင်ကာပူအဖွဲ့တို့တွေ့ဆုံ

ရန်ကုန် မေ ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အမေရိကန်နိုင်ငံ General Electric Company မှ Senior Electrical Engineer Mr. Gain Yee Tseng နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် General Electric Company မှ Mr. Gain Yee Tseng က Aeroderivative Gas Turbine တပ်ဆင်အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သောပဏာမလေ့လာဆန်းစစ်မှုလုပ်ငန်းများအခြေအနေ၊ အဆိုပါ Gas Turbine များတွင်ပါဝင်သည့် အဓိက စက်အစိတ်အပိုင်းများနှင့် တပ်ဆင်အသုံးပြုနိုင်မည့်အခြေအနေ၊ သဘာဝဓာတ်ငွေ့နှင့် မြေနေရာ အကျယ်အဝန်းလိုအပ်ချက်များ၊ ထွက်ရှိလာသောဓာတ်အားကို လက်ရှိဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားထုတ်လုပ်မှုလျော့နည်းသည့် နွေရာသီကာလများတွင် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် Gas Turbine များ ပြုပြင်ရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား စင်ကာပူသမ္မတနိုင်ငံ Caterpillar Asia Pte., Ltd., Electric Power Asia Pacific မှ General Manager,Mr. Ringo Chow နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင်လာရောက်တွေ့ဆုံပြီး General Manager က ၎င်းတို့ကုမ္ပဏီမှ ထုတ်လုပ်သော Mobile Generator များနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာအချက်အလက်များ၊ Generator တပ်ဆင်ပါက ကြာမည့်အချိန်ကာလနှင့် အသုံးပြုနိုင်မှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလုံလောက်မှုအတွက် အခက်အခဲဖြစ်နေသည့် နွေရာသီတွင် ဓာတ်အားပြည့်မီစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေတိုစီမံချက်အနေဖြင့် Dual Fuel အသုံးပြုနိုင်သည့် အရေးပေါ် ဓာတ်အားပေးစက်များ တပ်ဆင်လိုသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား စင်ကာပူသမ္မတနိုင်ငံ Caterpillar Asia Pte., Ltd., Electric Power Asia Pacific မှ General Manager, Mr. Ringo Chow နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ယူနီဆက်ရုံးမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံးမှ အသစ်ခန့်အပ်ခြင်းခံရသည့် ညွှန်ကြားရေးမှူး Mr. Daniel Toole နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ယူနီဆက်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံရာ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်း

မိဘထံမှပြန်လာသူ လမ်းတွင်အတက်ရောဂါဖြင့် သေဆုံး

ဝမ်းတွင်း မေ ၁၅

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာနေ ကိုစိုးသန်း(ခ)ကျော်ကျော်ဦး အသက် ၄၁ နှစ်နှင့် ဇနီးဖြစ်သူ မသန်းသန်းအေး အသက် ၂၉ နှစ်တို့သည် မေ ၁၃ ရက်က မိဘများရှိရာ မလှိုင်မြို့နယ် ရွာတန်းရွာသို့ အလည်သွားပြီးပြန်လာရာ မြင်တော်ကန်လမ်းဆုံ၌ ကားစောင့်နေစဉ် ခင်ပွန်းဖြစ်သူ ကိုစိုးသန်း(ခ)ကျော်ကျော်ဦးမှာ ယခင်ရောဂါဟောင်း အတက်ရောဂါ ဖြစ်ပွားလာသဖြင့် ဇနီးဖြစ်သူ မသန်းသန်းအေးက ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းရာ ပတ်ဝန်းကျင်မှ လူများရောက်လာသော်လည်း ကိုစိုးသန်းမှာ အတက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

ထော်လာဂျီကိုကျော်တက်ရာမှ ဆိုင်ကယ်ချင်းတိုက်

သာစည် မေ ၁၅

မိတ္ထီလာခရိုင် သာစည်မြို့နယ် တောင်ကြီးသွားကားလမ်းတွင် မေ ၁၃ ရက်က ဆန်းဖလားဝါး လက်ဖက်ရည်ဆိုင်အနီး၌ သာစည်မြို့နယ် ကန်ကွေ့ရွာနေ မစုလွင်ထွန်း အသက် ၂၂ နှစ်သည် ၁၈ဃ/--- လော့ဂျာအစိမ်းရောင်ဆိုင်ကယ်ကို အရှေ့မှအနောက်သို့စီးလာပြီး ထော်လာဂျီကိုကျော်တက်စဉ် သာစည်မြို့ ညောင်ရမ်းကျေးရွာနေ မောင်မောင်သန်း အသက် ၄၅ နှစ် စီးလာသော ၁၂ဃ/--- ရင်ဇင်း ၁၁၀ ဆိုင်ကယ်နှင့်ချိတ်မိပြီး မစုလွင်ထွန်းမှာ ထော်လာဂျီဘက် လဲကျကာ ထော်လာဂျီရှေ့ဘီးဖြင့်ကြိတ်မိ၍ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားရကြောင်း သိရှိရသည်။ (၀၁၂)

နှစ်လုံးဂဏန်းနှင့် စာရွက်စာတမ်းပမ်းမိ

ကလေး မေ ၁၅

ကလေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ် ကျော်ဇေယျာလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက သက်သေများနှင့်အတူ သတင်းအရ ကလေးမြို့ မြို့သာရပ် နယ်မြေ(၁)ရှိ စိုးနိုင်ထွန်း(ခ)အငယ်လေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မှ နှစ်လုံးဂဏန်းနှင့် ငွေတန်ဖိုးများရေးထားသော စာရွက်လေးရွက်၊ နှစ်လုံးဂဏန်းများရေးထားသော စာအုပ် တစ်အုပ်၊ ကာဗွန်ခြောက်ရွက်၊ ငွေစက္ကူမျိုးစုံ ကျပ် ၄၁၀၀ နှင့် casio တံဆိပ်ပါ ဂဏန်းပေါင်းစက် တစ်လုံး၊ ဘောပင်တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် စိုးနိုင်ထွန်း(ခ)အငယ်လေးအား ကလေးရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်ထားကြောင်း သိရှိရသည်။ (၁၆၅)

ခင်ဦး၌ နှစ်လုံးထီလောင်းကစားသူ ဖမ်းဆီးမိ

ခင်ဦး မေ ၁၅

ခင်ဦးမြို့ အောင်မင်္ဂလာရပ်ကွက်အတွင်း ယနေ့နံနက်ပိုင်းတွင် နှစ်လုံးထီလောင်းကစားမှုပြုလုပ်နေကြောင်း သတင်းရရှိ၍ နှစ်လုံးထီလောင်းကစား ပြုလုပ်နေသူ အောင်မင်္ဂလာရပ်ကွက်နေ(ဘ)ဦးဟန်ဝင်းအောင်၏ သမီး မငယ် အသက် ၂၅ နှစ်အား ဒုတိယရဲအုပ်ကျော်ဇောနှင့်အဖွဲ့က လောင်းကစားပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၄၁၅၀ နှင့်အတူ ဖမ်းဆီးမိသဖြင့် သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၀၃၇)

မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်း မီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန် မရှိအောင် စနစ်တကျစစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများထားပါ။

ရခိုင်ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စစ်တွေမြို့၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စစ်တွေ မေ ၁၅

ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန NGO Child Rights Working Group၊ Save the Children နှင့် European Commission တို့၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကိစ္စရပ်များအား မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၀ ရက်က ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းတို့က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး ဦးစိုးမင်းက လုပ်ငန်းဆောင်ရွက်မှုများအကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီများ၏ ပုံမှန်တွေ့ဆုံမှုအစီအစဉ်များအား အကြိမ်တိုးမြှင့်ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ကလေးသူငယ်အခွင့်အရေး မြှင့်တင်ရေးလုပ်ငန်းများတွင် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာလူထုများနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေကျင်မြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကိုယ့်အားကိုယ်ကိုး သံဃာဆေးကုသဆောင် ဆောက်လုပ်ရေး လုပ်အားဒါနလှူဒါန်းပွဲတွင် ပြည်သူများက မြေကြီးဖို့ခြင်း၊ သဲသယ်၊ အုတ်သယ်ခြင်းတို့ဖြင့် လုပ်အားဒါနပြုကြစဉ်။ (၀၀၁)

သံဃာဆေးကုသဆောင် ရွှေကျင်၌တည်ဆောက်

ရွှေကျင် မေ ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့ ကိုယ့်အားကိုယ်ကိုး သံဃာဆေးကုသဆောင်ဆောက်လုပ်ရေး လုပ်အားဒါနလှူဒါန်းပွဲကို မေ ၁၂ ရက် နံနက် ၇ နာရီက ရွှေကျင်မြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း၌ကျင်းပရာ လှူဒါန်းပွဲတွင် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများက မြေကြီးဖို့ခြင်း၊ သဲသယ်၊ အုတ်သယ်ခြင်းတို့ဖြင့် လုပ်အားဒါနပြုကြသည်။

တည်ဆောက်လျက်ရှိ

အဆိုပါ ကိုယ့်အားကိုယ်ကိုး သံဃာဆေးကုသဆောင်သည် (၆၆×၂၉×၁၄)ပေ တစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး စုစုပေါင်းငွေကျပ် သိန်း ၂၅၀ ခန့် အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ (၀၀၁)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် မေ ၁၅

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ညွှန်ကြားရေးမှူး Mr.Daniel Toole သည် ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား အဆိုပါဝန်ကြီးဌာနညှိနှိုင်းခန်းမ၌ သွားရောက်တွေ့ဆုံ၍ UNICEF က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်တိုးတက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စု ဝန်ကြီးကလည်း နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲတိုးတက်ရေးအစီအမံများ၌ အထောက်အကူဖြစ်သည့် နိုင်ငံတကာအကူအညီ အထောက်အပံ့များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာခွဲဝေ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းတို့၌ အကျိုးရှိထိရောက်စွာ အသုံးပြုရေး၊ ဆောင်ရွက်ဆဲ ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ကဏ္ဍတာဝန်ယူသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဒေသန္တရ တာဝန်ယူသောတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လေ့လာသုံးသပ်ရေးစနစ် (Monitoring and Evaluation System) ထားရှိရေးတို့ကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ တွေ့ဆုံ

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo WATANABE ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံကာ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းအောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ပြည်ထောင်စု National War College မှ နည်းပြနှင့် သင်တန်းသားများပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု National War College မှ ဒုတိယကျောင်းအုပ်ကြီး Mr.Richard Norland နှင့် သင်တန်းသားများပါဝင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက် ည ၈နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ် သစ်လင်းအုန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel Brey R.Sloan နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **(သတင်းစဉ်)**

စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်

မုဒုံ မေ ၁၅

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အဇင်းဥယျာဉ်ခြံ မုဒုံမြို့တွင် မေ ၇ ရက် နံနက် ၉ နာရီတွင် ဥယျာဉ်ခြံစိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်တို့ တက်ရောက်အမှာစကားပြောကြားကြသည်။ မွန်ပြည်နယ်တွင် အဇင်းပုဂ္ဂလိက ဥယျာဉ်ခြံများ၌ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ကျွဲကော်သီး၊ နာနတ်သီး၊ ပိန္နဲသီး၊ ကွမ်းသီး စသည့် သီးနှံများ လှိုင်လှိုင်ထွက်ရှိကြောင်း သိရှိရသည်။

(စိုက်ပျိုးရေး)

မြန်အောင်နှင့် ဟသ်ာတမြို့တို့၌ ဖောက်ခွဲမှုများပြုလုပ်ခဲ့သည့် ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမားတစ်ဦးအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် ဟသ်ာတမြို့တို့၌ ဖောက်ခွဲမှုများပြုလုပ်ခဲ့သည့် ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမား သန်းကိုဦး(ခ) မင်းဇော် (၂၆) နှစ်အား မေ ၁၁ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

သန်းကိုဦး(ခ)မင်းဇော်သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် မြန်အောင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးနှင့် ၂၀၁၂ ခုနှစ် မတ် ၆ ရက်တွင် ဟသ်ာတမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့အား ဗုံးထောင်ဖောက်ခွဲခဲ့သူဖြစ်ကြောင်းနှင့် ၎င်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြဝတီခရိုင်ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မဲဆောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် မဲဆောက်မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

သန်းကိုဦးအား စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းသည် မော်လမြိုင်ကျွန်းမြို့နယ် ပတ်ပြဲကျေးရွာဇာတိဖြစ်ပြီး ပတ်ပြဲကျေးရွာတွဲဖက်အထက်တန်းကျောင်းတွင် ရှစ်တန်းအထိ ပညာသင်ကြားခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ၎င်း၏ ဖခင်နှင့်မိခင်တို့ သေဆုံးသွားခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်တွင် ရန်ကုန်မြို့သို့တက်၍ ကျပန်းလုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် လှိုင်းဘုန်းကျေးရွာရှိ Save The Children အဖွဲ့၏ စာသင်ကျောင်း၌ သုံးလခန့် စာသင်ပေးခဲ့ပြီး ဩဂုတ်လတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ သွားရောက်ခဲ့ကာ ငါးဖမ်းစက်လှေတစ်စင်းတွင် တစ်လခန့်အလုပ်လုပ်ခဲ့ကြောင်း၊ ထို့နောက် ဗန်ကောက်သို့ ထွက်ပြေးခဲ့ကာ မယ်တော်ဆေးခန်းသို့ ရောက်ရှိခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ABSDF အဖွဲ့နှင့် ချိတ်ဆက်မိပြီး လက်နက်ငယ်သင်တန်း၊ ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ABSDF စခန်းတစ်ခုဖြစ်သည့် ဒေါင်းမင်းစခန်းသို့ ရောက်ရှိပြီး ဗိုလ်ခင်ကျော်ဆိုသူနှင့်တွေ့၍ ၎င်း၏ ခိုင်းစေချက်အရ ဖောက်ခွဲရေးပြုလုပ်ရန် လမ်းကြောင်းကြည့်ရှုသည့်အနေဖြင့် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သိမ်ဇရပ်-ဘားအံ-ရန်ကုန်-မြန်အောင်လမ်းကြောင်းအတိုင်း သွားရောက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ABSDF အဖွဲ့မှ ဗိုလ်ခင်ကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အစိုးရပိုင် အဆောက်အအုံများအား ဖောက်ခွဲရန် ညွှန်ကြားပြီး လက်ပစ်ဗုံးကိုးလုံး၊ စကားပြောစက် ခြောက်လုံး၊ လက်ပစ်ဗုံးနှင့် ဆက်သွယ်ရေးစက်များ တပ်ဆင်ရန်အတွက် ခဲရောင်ဖြင့်ထုပ်ထားသည့် အထုပ်ခြောက်ထုပ်နှင့် ငွေကျပ်တစ်သိန်းတို့ကို ထုတ်ပေးခဲ့ကြောင်း။

နိုဝင်ဘာ ၁၈ ရက်တွင် ဒေါင်းမင်းစခန်းမှ သိမ်ဇရပ်-ဘားအံ-ရန်ကုန်လမ်းကြောင်းအတိုင်း ထွက်ခွာခဲ့ပြီး ရန်ကုန်မှတစ်ဆင့် မြန်အောင်မြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် နိုဝင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးအနီး သွားရောက်ပြီး မိုင်းအား စကားပြောစက်၊ နာရီတို့နှင့်တွဲလျက် အသက်သွင်း၍ ရုံးအနောက်ဘက် ဝင်းနံရံအနီးထားရှိခဲ့ကာ နိုဝင်ဘာ ၂၀ ရက်တွင် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ ယင်းနောက် ရထားဖြင့် ဟသ်ာတမြို့သို့ ရောက်ရှိပြီး ငါးမျက်နှာဘုန်းကြီးကျောင်းအတွင်းရှိ အိမ်သာနောက် အမှိုက်ပုံအတွင်းကျန်ရှိသည့် မိုင်းထုပ်လေးထုပ်အား ဝှက်ထားခဲ့ကာ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း။

၎င်း မဲဆောက် ABSDF ရုံး၌ ရှိနေစဉ် ဆန်နီဆိုသူရောက်လာပြီး မြန်အောင်မြို့ ဖောက်ခွဲမှုမှာ လူ/ပစ္စည်း ထိခိုက်ပျက်စီးမှုမရှိခဲ့သဖြင့် ဟသ်ာတမြို့ရှိ အစိုးရဌာနရုံးများကို ထပ်မံဖောက်ခွဲရန် ဘတ်ငွေ ၄၀၀၀ ပေး၍ စေလွှတ်ခဲ့ကြောင်း၊ မတ် ၃ ရက်တွင် မဲဆောက်မြို့မှ ထွက်ခဲ့ပြီး ရန်ကုန်မှတစ်ဆင့် ဟသ်ာတမြို့သို့ ရောက်ရှိခဲ့ကြောင်း၊ ဘုန်းကြီးကျောင်းအတွင်း ဝှက်ထားသော မိုင်းများအား ယူဆောင်၍ အသက်သွင်းပြီး မတ် ၅ ရက် ည ၉ နာရီခန့်တွင် ဟသ်ာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအနီး အပါအဝင် နေရာသုံးနေရာ၌ မိုင်းတစ်လုံးစီ ထောင်ထားခဲ့ကြောင်း၊ မတ် ၆ ရက် နံနက် ၁၀ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှေ့ ထောင်ထားသော မိုင်းအားဖောက်ခွဲခဲ့ပြီး ကျန်နှစ်လုံးအား ဖောက်ခွဲခြင်းမပြုခဲ့ကြောင်း၊ ထို့နောက် မဲဆောက်မြို့သို့ ပြန်သွားခဲ့ကာ ABSDF ရုံး၌ နေထိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

မေ ၁၂ ရက်တွင် သန်းကိုဦးအား စစ်ဆေးရာ မိုင်းတစ်လုံးအား ဟသ်ာတမြို့ ဘုရားကြီးရပ်ကွက် ဘုရားကြီးကျောင်းတိုက် ဓမ္မဗိမာန်ဓမ္မာရုံအနောက်ရှိ ကုဋီနှင့် မိလ္လာကန်ကြား၌ ဝှက်ထားကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေရာ လက်ပစ်ဗုံး တစ်လုံး၊ ယမ်းပျော့တစ်လိပ်၊ စကားပြောစက်တစ်လုံး၊ ဒီတိုနေတာတစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဖောက်ခွဲမှုတရားခံ သန်းကိုဦးအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ABSDF အဖွဲ့မှ ဖောက်ခွဲရေးသမား သန်းကိုဦး (ခ) မင်းဇော် (၂၆) နှစ် အား တွေ့ရစဉ်။
(သတင်းစဉ်)

လူမှုစီးပွားသတင်း

ကားဈေးကွက်နှင့်အပြိုင် ကားပြုပြင်ရေးလုပ်ငန်းများလည်း ပြောင်းလဲလာကြ

ရန်ကုန် မေ ၁၅

ပြည်တွင်း၌ မော်တော်ကားတင်သွင်းမှုများနှင့် အရောင်းပြခန်းများမှ ကားသစ်များဝယ်ယူမှု များပြားလာခဲ့သည့်နောက်ပိုင်း ကားပြုပြင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ကိုင်သည့် လုပ်ငန်းများအတွင်း နည်းပညာပံ့ပိုးမှုများဖြင့် ပြုပြင်ရေးများ ပိုမိုတွင်ကျယ်လာနေကြောင်း ကားဝပ်ရှော့ပိုင်ရှင်များထံမှ သိရှိရသည်။

ပြောကြား

"ကားတွေကလည်း အသစ်တွေပိုများလာတယ်လေ။ နည်းပညာပိုင်းကို ကျကျနနလေ့လာမှုတွေ အများကြီးလုပ်ကြရတယ်။ အသုံးပြုတဲ့ ပြုပြင်ရေးပိုင်းပစ္စည်းတွေကိုလည်း အရင်လိုပေါ့ပေါ့ပါးပါးလေး ရှိတာနဲ့ဖြစ်အောင်လုပ်လို့ မရတော့ဘူး။ အသစ်တွေဖြစ်လာတဲ့ ကားလောကမှာ ပြုပြင်ရေးလုပ်ငန်းတွေအနေနဲ့လည်း ပြုပြင်ရမယ့်၊ တိုးချဲ့ရမယ့်အပိုင်းတွေ အများကြီးဖြစ်လာခဲ့တယ်"ဟု အကြီးစားမော်တော်ယာဉ်ပြုပြင်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်သည့် ကိုသန်းအေးက ပြောကြားသည်။

ကားပြုပြင်ရေး လုပ်ငန်းများလုပ်ကိုင်ကြသူအများအပြားမှာ မိရိုးဖလာဆောင်ရွက်မှုများအရ ပြည်တွင်းဖြစ် စက်ကိရိယာများကိုသာ အမြဲနီးပါး သုံးစွဲလာကြရာမှ လွန်ခဲ့သည့်ကာလ ကားသစ်များတင်သွင်း ခွင့်ပြုလိုက်သည့် အချိန်မှစတင်ကာ နည်းပညာပေါင်းစပ်အသုံးပြု ပြုပြင်ရေးလုပ်ငန်းများကို ရန်ကုန်မြို့၌ သာမကဘဲ ကျန်မြို့ကြီးများတွင်ပါ တွင်တွင်ကျယ်ကျယ်တပ်ဆင်အသုံးပြုလာနေကြခြင်းဖြစ်ကြောင်း တောင်ဥက္ကလာပမြို့နယ်ရှိ ကားဝပ်ရှော့တစ်ခုက စက်ဆရာ ဦးမြင့်ကြည်(ကော့သောင်း) က ပြောကြားသည်။

ယခင်ကာလက အသုံးပြုခဲ့သည့် ပုံစံများကွဲလွဲကာ ကွန်ပျူတာစနစ်များဖြင့် ကားချွတ်ယွင်းချက်များရှာဖွေခြင်း၊ ပြုပြင်ခြင်းနှင့် အလွယ်တကူပြောင်းလဲတပ်ဆင်ခြင်း၊ ဘော်ဒီတပ်ဆင်ရာ၌ ခေတ်မီစက်ပစ္စည်းများ အကူအညီဖြင့် ပြုလုပ်ခြင်း၊ ကားအလှဆင်ခြင်းလုပ်ငန်းနှင့် ကားဆေးမှုတ်လုပ်ငန်း၊ ကားရေဆေးဆီထိုးခြင်း လုပ်ငန်းများ၌ နည်းပညာမြင့် ကွန်ပျူတာစနစ်များကိုသာ အသုံးပြုကာ ယာဉ်ပိုင်ရှင်ကျေနပ်မှုကို ပေးစွမ်းနိုင်ခြင်းတို့အပြင် အလိုင်းမင်းချိန်ညှိစက်များကိုပါ ကွန်ပျူတာစနစ်များ ပြောင်းလဲအသုံးပြုခြင်းတို့ဖြင့် ဈေးကွက်အတွင်း၌ ပုံသဏ္ဌာန်ပြောင်းလဲကာ လုပ်ကိုင်လာကြကြောင်း သိရသည်။

"အများစုက ယာဉ်တွေရဲ့တန်ဖိုးနဲ့အညီ အဆင့်အတန်းမြင့်တဲ့ နည်းပညာတွေကို အသုံးပြုမှုကြိုက်လာကြသက်သာလာပါတယ်။ ဒါပေမယ့် နည်းပညာပိုင်းနဲ့ပတ်သက်ပြီး လေ့လာမှုတွေကိုတော့ ပြုလုပ်ရတယ်။ နည်းပညာပိုင်း အားမကိုးနိုင်တဲ့ဝပ်ရှော့တွေအဖို့ကတော့ ရေရှည်မှာ ရပ်တည်ဖို့ခက်ခဲလာလိမ့်မယ်"ဟု တာမွေမြို့နယ် တာမွေလမ်းရှိ တာယာအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြုပြင်ရေးလုပ်ငန်းများ၏ လက်ရှိအခြေအနေကို ပြောပြသည်။

လေ့လာသင်ယူ

အဆိုပါနည်းပညာမြင့် စမ်းသပ်ပစ္စည်းများနှင့် ပြုပြင်ရေးကိရိယာတန်ဆာပလာများကို အိမ်နီးချင်းနိုင်ငံများမှ အများဆုံး မှာယူလျက်ရှိပြီး ဂျပန်နှင့် ကိုရီးယားနိုင်ငံထုတ် နည်းပညာမြင့် မော်တော်ယာဉ်ပြုပြင်ရေးသုံးပစ္စည်းများမှာ လုပ်ငန်းရှင်များ အလိုရှိဆုံး စိတ်ကြိုက်ပစ္စည်းများဖြစ်ကြသည်။ ပြုပြင်ရေးအလုပ်ရုံတစ်ခုအတွက် အပြည့်အစုံတပ်ဆင်မည်ဆိုပါက ကျပ်သိန်းရာဂဏန်းမှ ထောင်ဂဏန်းအထိ စိုက်ထုတ်အသုံးပြုကြရသည့်အပြင် နည်းပညာပိုင်းကျွမ်းကျင်မှုရှိစေရန်လည်း လိုအပ်သည်များကို လေ့လာသင်ယူကြရမည် ဖြစ်ကြောင်း ကားပြုပြင်ရေးလုပ်ငန်းများမှ သိရှိရသည်။

တယ်။ ပြုပြင်ထိန်းသိမ်းခတွေကို ပေးရတာချင်းအတူတူ အဆင့်မြင့်နည်းနဲ့ စမ်းသပ်ပြီး ပြုပြင်ရေးလုပ်တဲ့ ဆားဗစ်စင်တွေကိုပဲ အပ်လာကြတဲ့အတွက် ပြုပြင်ရေးလုပ်ငန်းရှင်တွေအနေနဲ့ မဖြစ်မနေပြောင်းလဲမှုတွေ လုပ်လာရတယ်" ဟု ကားဝပ်ရှော့ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

အချိန်ကုန်သက်သာ

"နယ်က ဘော်ဒီရုံတွေကလည်း အလုပ်သမားတွေကို ရန်ကုန်ကတတ်ကျွမ်းသူတွေဆီမှာ လာရောက်ပြီးသင်ပေးခိုင်းကြတယ်။ အခုလိုမျိုး နည်းပညာတွေမြင့်လာတဲ့အတွက် အလုပ်သမားတွေလည်းသက်သာပြီး အချိန်ကုန်လည်း

(ခင်ရတနာ)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်၊ အနုပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများနှင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအားဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❐ *ကျော်ဖုံးမှ*

များသောအားဖြင့် အသက်အရွယ်ကြီးရင့်နေသူများ ဖြစ်သော်ငြားလည်း အသက်အရွယ်နှင့်မမျှအောင် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ တစ်နည်းအားဖြင့် အမျိုးသားရေးတာဝန်များကို ကာယအား၊ ဉာဏအား၊ ဝီရိယအားပေါင်းစပ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ဆိုသည့် ကြီးမြတ်လှသည့်ဂုဏ်(၃)ရပ်ကို အဓိကရည်မှန်းပြီး မိမိတို့က တလေးတစားတန်ဖိုးထားဂုဏ်ပြုခြင်းဖြစ်ပါကြောင်း။

ယခုအခမ်းအနားသည် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ဖြစ်သည်နှင့်အညီ အခမ်းအနား၏ သဘောတရားအရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခြင်းဖြစ်သော်လည်း အမှန်တကယ် ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးများသည် မည်သည့်ဂုဏ်ပြုလက်ဆောင်နှင့်မျှ တန်ဖိုးဖြတ်၍ မရနိုင်သည်ကိုလည်း မိမိတို့ရင်ထဲ နှလုံးသားထဲကနေ အလေးအနက်ခံယူထားပါကြောင်း၊ အလားတူ ဆရာကြီး၊ ဆရာမကြီးများဘက်ကလည်း မိမိတို့၏ မပြောပလောက်သည့် ဂုဏ်ပြုချီးမြှင့်မှုကိုမကြည့်ဘဲ မိမိတို့ဝန်ကြီးဌာနဝန်ထမ်းများအားလုံး၏ စေတနာ၊ လေးစားမှု၊ တန်ဖိုးထားမှုများကို အသိအမှတ်ပြုပြီး ဝမ်းမြောက်စွာ လက်ခံပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါကြောင်း။

တပေါင်းတစည်းတည်း

ယနေ့ကျင်းပသည့် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားတွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေ စာမူဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေး ကော်မတီအဖွဲ့ဝင်များအားလုံးကို တပေါင်းတစည်းတည်း ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ ဖော်ပြပါအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများအားလုံးသည် စာပေနှင့်အနုပညာဆိုင်ရာ စိစစ်ခြင်း၊ အကဲဖြတ်ခြင်း၊ ရွေးချယ်ခြင်း၊ ပြုစုခြင်းတို့ကို သဘာဝဓမ္မအရ မလွဲမသွေရင်ဆိုင်လာရပြီ ဖြစ်သည့် ဇရာနှင့်ဗျာဓိကို ကြံ့ကြံ့ခံအန်တုပြီး အသက်အရွယ်နှင့်မမျှအောင် မိမိတို့၏ အဖိုးတန်လှသည့် အချိန်များကို ပေးဆပ်ပြီး ကာယအား၊ ဉာဏအားများ စိုက်ထုတ် ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ဆရာကြီး၊ဆရာမကြီးများ၏ ကြီးမြတ်သည့်ဂုဏ်ကျေးဇူးများကို အလေးအနက် တန်ဖိုးထားသည့် စိတ်ရင်းစေတနာအမှန်ဖြင့် ယနေ့အခမ်းအနားကျင်းပပြီး ဂုဏ်ပြုချီးမြှင့်ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်အနာဂတ်တွင်လည်း ဆရာကြီး၊ ဆရာမကြီးများဘက်က ယခုကဲ့သို့ပင် အစဉ်အလာမပြတ် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်သည်ထက်အောင်မြင်အောင် ဆက်လက်ပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် အလေးအနက် ပန်ကြားလိုကြောင်း၊ မိမိတို့ဘက်ကလည်း ဆရာကြီး၊ ဆရာမကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုအားကို ရယူပြီး မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များကို အောင်မြင်သည်ထက် အောင်မြင်အောင်၊ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုနိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခေတ်ဟောင်း တေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်များကိုယ်စား ပျဉ်းမနားမြင့်လှိုင်အား လည်းကောင်း၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူဦးအုံးဖေ စာပေဆုရွေးချယ်ရေးနှင့် မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များကိုယ်စား ဦးစိုးသိမ်း(မောင်ဝံသ)အားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့များမှ အဖွဲ့ဝင်များကိုယ်စား ရွှေနေချုပ်ရုံး ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်ပိုပိုကြည်အား လည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ယင်းနောက် ပူးပေါင်းဆောင်ရွက်ပေးသော ပညာရှင်များကိုယ်စား အမျိုးသားစာပေဆု စိစစ်ရေးကော်မတီအဖွဲ့ဝင် စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ ချီးမြှင့်ပွဲတွင် ၂၀၁၀-၂၀၁၁ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်း ၅၂ ဦးနှင့် ပြင်ပမှ ပညာရှင် ၁၀၀ စုစုပေါင်း ၁၅၂ ဦးအတွက် ချီးမြှင့်ငွေကျပ် ၂၁၀၅၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရထားနှင့် ရေယာဉ်များတွင်ပါ ipay ကတ်များ သုံးနိုင်တော့မည်

ရန်ကုန် မေ ၁၅

ဧပြီလဆန်းပိုင်းမှ စတင်ကာ သုံးစွဲခွင့်ပြုခဲ့သည့် ipay ကတ် (နတ်ပိုက်ဆံ) များကို ရန်ကုန်မြို့တွင်း မော်တော်ယာဉ်လိုင်းများ၌သာမက မြို့ပတ်ရထားများနှင့် ရေယာဉ်များ၌ပါ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ပြောကြား

"ဧပြီ ၂ ရက်က စတင်ပြီး အဓိပတိ(အပြာ)ယာဉ်လိုင်းမှာ တပ်ဆင်အသုံးပြုခဲ့တာအခုဆိုရင် ၎င်းယာဉ်လိုင်းမှာ တပ်ဆင်ပြီးအစီးရေ ၆၀ နီးပါးရှိနေပါပြီ။ ipay ကတ်ကို အသုံးပြုသူဦးရေက ၅၀၀၀ ကျော်လာပြီဖြစ်တဲ့အတွက် ဒီအစီအစဉ်တွေကို မြို့ပတ်ရထားတွေနဲ့ ရေယာဉ်တွေမှာပါ အသုံးပြုလို့ရနိုင်အောင် စီစဉ်နေပါတယ်"ဟု အဆိုပါစနစ်ကိုစီစဉ်သည့် Kispa Nadi Express မှ တာဝန်ရှိသူက ပြောကြားသည်။

တိုးတက်ဖွံ့ဖြိုးလျက်ရှိသည့် နိုင်ငံအများစု၌ မြို့တွင်းခရီးသွားလာကြမှုများတွင် ယခုကဲ့သို့ ကွန်ပျူတာစနစ်သုံး ငွေပေးချေသည့်စနစ်အား အစားထိုးအသုံးပြုလျက်ရှိသည်မှာ ဆယ်စုနှစ်တစ်ခုကျော်ရှိနေပြီဖြစ်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင်မူ ယခုကဲ့သို့ ကြိုတင်ငွေဖြည့်တင်းကာ ကားခများပေးဆောင်ခြင်းအစီအစဉ်မှာ ပထမဆုံးအကြိမ် ဖြစ်သည်။

စတင်အသုံးပြုနိုင်

"ခရီးသည် အများစုက ဒီကိစ္စကို စိတ်ဝင်စားကြပါတယ်။ ဒါပေမယ့် ဝယ်ယူဖို့ကျတော့ ကတ်ဝယ်ထားပေမယ့်လည်း ခရီးသည်တင်ဘတ်စ်ကားတိုင်းကို စီးခွင့်မရသေးတဲ့အတွက် သုံးစွဲသူနည်းသေးတာဖြစ်ပါတယ်။ သက်ဆိုင်ရာတွေအနေနဲ့ အခုလိုငွေဖြည့်ကတ်စနစ်နဲ့ ကားခတွေပေးနိုင်ဖို့အတွက် အခြားမော်တော်ယာဉ်လိုင်းတွေအားလုံးကိုလည်း ပါဝင်လာအောင် ဆောင်ရွက်သင့်ပါတယ်။ အခုဟာက ကတ်ဝယ်ထားတဲ့ခရီးသည်တွေက ငွေဖြတ်စက်ပါတဲ့ကားတွေကို ရှာပြီးစီးမှပဲရတော့ အမြဲတမ်းအလွယ်တကူသုံးစွဲနိုင်ဖို့ ခက်ခဲပါတယ်"ဟု အဓိပတိအပြာပေါ်မှ ခရီးသည်တစ်ဦးက ခရီးသွားလာရင်း ipay ကတ် သုံးစွဲမှုရလဒ်အပေါ် ဝေဖန်ပြသည်။ ယခုအခါတွင် ယင်းစနစ်ကို ဝယ်ယူလိုသူ များပြားလာသည့်အတွက် အသုံးပြုသူများ အဆင်ပြေစေရန် ယခုကဲ့သို့ ပန်းဆိုးတန်း-ဒလ ပြေးဆွဲလျက်ရှိသည့် ရေယာဉ်များနှင့် ရန်ကုန်မြို့အတွင်း နေ့စဉ်ထွက်ရှိနေသည့် မြို့ပတ်ရထားများပေါ်တွင် အသုံးပြုနိုင်ရန် လိုအပ်သည့်တပ်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကာ မကြာမီကာလအတွင်း စတင်အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။

ခရီးသွားပြည်သူများအနေဖြင့် ipay (နတ်ပိုက်ဆံ)ကတ်များအား ရှစ်မိနစ်လျှင် တစ်ကြိမ်ခန့် ငွေဖြတ်နိုင်သည့်စနစ်ထည့်သွင်းထားကာ ကတ်တစ်ကတ်လျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ကတ်တန်ဖိုးကို ငွေကျပ် ၃၀၀ သတ်မှတ်ကာ အစပထမကတ်တွင် ငွေကျပ် ၃၀၀ ဖြတ်တောက်၍ နောက်တစ်ကြိမ်တွင် ကတ်တန်ဖိုးငွေ မဖြတ်တောက်ဘဲ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။

သွန်းဝသန်

မေ ၁၁ ရက်က ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် Yangon ICT Fair (Computer & Mobile) ပြပွဲအခမ်းအနားတွင် Myanmar ICT Awards 2011 (Educational Project) ဆရာအဆင့် ပြိုင်ပွဲတွင် ဆုရရှိသည့် ဒေါ်လွင်မာညွန့် (အထက-၂ ဗဟန်း)အား ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး ဆုချီးမြှင့်စဉ်။ (၁၆၈)

စစ်တွေမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

စစ်တွေ မေ ၁၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့်မြို့နယ်စာရေးဆရာအသင်းဖွဲ့စည်းရေးအခမ်းအနားကို ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ ညီလာခံအတွေ့အကြုံများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်သိန်းဖြူ (ဂေါယာမြေစောဝင်း)က ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဖွဲ့စည်းရေးအတွက် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိန်၊ စာရေးဆရာ ဦးကောင်းစံရှိ (ကျွန်းသားငမန်း)၊ စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇေဝဏ္ဏသူတို့က သဘာပတိအဖြစ် ဆောင်ရွက်ကာ စစ်တွေမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးဦးလှကျော် (ဗဂျီးကျော်-စစ်တွေ)၊ အတွင်းရေးမှူး ဦးမောင်သိန်းဖြူ(ဂေါယာမြေ-စောဝင်း)၊ ဘဏ္ဍာရေးမှူး ဒေါ်စောကြည်(စစ်တွေပွင့်လွှာ)၊ ဦးကျော်မြလှိုင် (မြင့်ကျော်လှိုင်-စစ်တွေ)၊ ဦးသိန်းဌေးအောင် (သိန်းဌေးအောင်)တို့အား ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဦးဦးလှကျော် (ဗဂျီးကျော်-စစ်တွေ)ကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၆-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၅ နိုင်ငံတော်သီချင်း
- ၇:၁၀ တရားတော်
- ၇:၁၅ ဓမ္မပူဇာတေး
- ၇:၄၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၈:၁၅ ဇာတ်လမ်းတို

ညပိုင်း

- ၄:၄၅ ရှေးဟောင်းသုတ
- ၅:၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း -၃)
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရစ်လီ** (အပိုင်း-၃၅)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - ဒို့တာဝန်အရေး(၃)ပါး
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - ရယ်စရာပျော်စရာဟာသကမ္ဘာ **ဂမ္ဘီရရေမွေး** (အပိုင်း-၂) (ဇာတ်သိမ်း) ကောင်းပြည့်၊ စံရတီမိုးမြင့်၊ ဇော်၊ ဗေလုဝ၊ ခင်လှိုင်၊ ဝက်မ၊ တက္ကသိုလ်ငွမ်းပုံနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)
  - အိုင်စီတီသုတ
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၁၃)
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

MRTV-4

၁၆-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၄၀ **အမှီကောင်း** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသရာဘိဝံသ)
- ၁၀:၀၅ ကမ္ဘာ့အော်တစ်ဇင်နေ့ အထိမ်းအမှတ်အခမ်းအနား
- ၂:၂၀ ဘဝရဲ့ချောက်ကမ်းပါးစွန်း (အဆုတ်ကင်ဆာနှင့်နှာခေါင်းအာခေါင်လမ်းကြောင်းကင်ဆာ)
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၄)
- ၇:၂၀ တေးပြုစာဆိုဦးဘသိန်း(မန္တလေး) ရာပြည့်အထိမ်းအမှတ်ဂီတပွဲတော် (အပိုင်း-၂)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၈)
- ၁၀:၂၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (၁၀မိုင်ကုန်းက အိမ်ကလေး)
- ၁၁:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၀)

TV Guide စာစောင် အတွဲ ၃၊ အမှတ် ၉ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၅

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၃၊ အမှတ် ၉ ကို မေ ၁၅ ရက်(အင်္ဂါနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MRTV-4 ၏ဆက်စပ်ရုပ်သံလိုင်းတစ်ခုဖြစ်သော For Choice မှ တင်ဆက်ပေးနေသည့် Who Is Photogenic ပြိုင်ပွဲအစီအစဉ်များ၊ Channel ရုပ်သံလိုင်းတွင် မကြာခင်ထုတ်လွှင့်ပြသမည့် အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲအကြောင်းနှင့် ပြိုင်ပွဲမှ အကဲဖြတ်ဒိုင်များနှင့် တွေ့ဆုံမေးမြန်းမှုများ၊ Star World ရုပ်သံလိုင်းမှ ပြသလျက်ရှိသည့် American Idol အစီအစဉ်မှ Final အဆင့်ကို တက်ရောက်လာသူများအကြောင်း၊ Nat Geo Wild Channel မှ ထူးခြားဆန်းပြားသတ္တဝါများအကြောင်း၊ New Receiver (4 Digital HD Receiver) အကြောင်း၊ စကားပြောအတတ်ဖြင့် ပရိသတ်ကို တိမ်းညွှတ်စေခဲ့သူ အော်ပရာဝင်းဖရေး၏ ဘဝအကြောင်းဆောင်းပါး၊ 4HD ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသမည့် Let's Talk It အစီအစဉ်မှ သရုပ်ဆောင်သန္တာလှိုင်နှင့် တွေ့ဆုံခြင်းအစီအစဉ်၊ MRTV ရုပ်သံလိုင်းမှ 'မာယာများတဲ့အချစ်' ကိုရီးယားဇာတ်လမ်းတွဲသစ်၊ ရုပ်သံလိုင်းအားလုံး၏ မေ ၁၆ ရက်မှ ၃၁ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ မေ ၁၆ ရက်မှ ၃၁ ရက်အထိ အစီအစဉ် အချိန်ဇယားများ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door to Door မှာယူလိုသူများသည် Novel Light Express 09-5080850,391186), Market Care (01-223973,09-73073029) သို့ မှာယူနိုင်သည်ဟု သိရှိရသည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ်သည် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည်။

ယင်းနောက် သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သည့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အာဇာနည်ဗိမာန်သို့သွားရောက်၍ ယခင်အာဇာနည်ဗိမာန်၌ ကျဆုံးသွားသော ကိုရီးယားသမ္မတနိုင်ငံမှ ဝန်ကြီးများအား ရည်စူး၍ ပန်းခွေချ၊ဂါရဝပြုသည်။

ထို့နောက် သမ္မတ မစ္စတာအီမြောင်ဘတ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ဆီဒိုးနားဟိုတယ်၌ ကိုရီးယားသမ္မတနိုင်ငံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် သမ္မတ မစ္စတာအီမြောင်ဘတ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မေလ ၂၂ ရက်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

ဒုတိယဝန်ကြီး ဦးတင့်လွင်အား ပြင်သစ်ကုမ္ပဏီတွေ့ဆုံ

နေပြည်တော် မေ ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်အား ပြင်သစ်နိုင်ငံ General Engineering Marketing Development and Trading Company (GEMDT) မှ President Mr. Francois Regis Teze ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရုံးအဖွဲ့မှူး ဦးစံရွှေအောင်နှင့် အင်ဂျင်နီယာချုပ်များတက်ရောက်ကြပြီး ဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍများ အဆင့်မြှင့်ဆောင်ရွက်သွားနိုင်ရန်နှင့် နှစ်နိုင်ငံဆက်သွယ်ရေးကဏ္ဍများ အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်

နေပြည်တော် မေ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ White Horse Temple ၌ မြန်မာနိုင်ငံမှ တန်ခိုးကြီး လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူ ဉာဏ်တော် ၁၀၈ ပေရှိ လိုဏ်စေတီတော်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရန်အတွက် မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားများ ကျင်းပပြုလုပ်ပြီးစီးကာ တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ရွှေတိဂုံပုံတူစေတီတော်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စေတီတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ကာ မြန်မာ့ဗိသုကာအနုပညာလက်ရာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်သွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများ၊ ဆင်းတုတော်များ၊ ဖွားပွင့်ဟောစံသံဝေဇနီယ လေးဌာန၊ ဘုရားလောင်းဇာတ်တော်များကို ရုပ်လုံးကြွပုံစံများဖြင့် တင့်တယ်သပ္ပာယ်စွာ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ရွှေတိဂုံပုံတူစေတီတော်တည်ဆောက်ရေးနှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်းဆောက်လုပ်ရေး ကြံ့တောင့်ကြံ့ခဲ ကုသိုလ်တော်တွင် ပြည်တွင်း ပြည်ပရှိ ဗုဒ္ဓဘာသာဝင် အလှူရှင်များအနေဖြင့် သဒ္ဓါတတ်အားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြရန် သာသနာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်သည့်နေရာများမှာ နေပြည်တော် ဦးမြင့်ဦး ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၆၀၀၈၊ ရန်ကုန်မြို့ ဦးစိုးမင်းထွန်း ညွှန်ကြားရေးမှူး ဖုန်း-၀၁-၆၆၁၂၇၅ နှင့် မန္တလေးမြို့ ဦးဇာနည်ဝင်း ညွှန်ကြားရေးမှူး ဖုန်း-၀၂-၆၁၁၁၃ တို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယရှေ့နေချုပ် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများအား တွေ့ဆုံမှာကြား

ရန်ကုန် မေ ၁၅

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်းတို့နှင့်အတူ မေ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၂) ၌ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား လုပ်ငန်းဆိုင်ရာကိစ္စများ တွေ့ဆုံမှာကြားသည်။

(အပေါ်ပုံ)

ဒုတိယရှေ့နေချုပ်က မှာကြားရာတွင် တတိယမဏ္ဍိုင်ဖြစ်သည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်မှန်ကန်ရေးအတွက် ဥပဒေအရာရှိအဆင့်ဆင့်အနေဖြင့်လည်း အများယုံကြည်လက်ခံနိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မိန့်ကြားချက်ဖြစ်သော သန့်ရှင်းသောအစိုးရ Clean Government ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် Good Governance ဖြစ်စေရေးတို့အတွက် အဂတိတရား (၄)ပါး ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်နှင့် ပြောင်းလဲလာသော ခေတ်စနစ်အရ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

အမှာစကား ပြောကြား

မေ ၁၂ ရက်က တာမွေမြို့နယ်၏ ၂၀၁၂/၂၀၁၃ ပညာသင်နှစ် အတွက် မြို့နယ်အဆင့်ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှု သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော် အမှာစကားပြောကြားစဉ်။
(ပညာရေး)

အခြေခံအိမ်တွင်းမှု သင်တန်းဖွင့်

မြိုင် မေ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အမှတ်စဉ် (၁၆)နှင့် အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ် (၂၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နန်းသန္တာအောင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ အဆိုပါ သင်တန်းမှာ သင်တန်းကာလ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်း သူ ၂၉ ဦး တက်ရောက်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

✽ ရှေ့ဖုံးမှ

ကြမ်းခင်းဈေး ယူရို ၃၀၀၀၀၀ ဖြင့် စတင်ဈေးခေါ်၍ ရောင်းချခဲ့ရာ မေ ၁၂ ရက်က ယူရို ၂ ဒသမ ၁၆ သန်း ဈေးအများဆုံးပေးပြီး ဝယ်ယူသွားခဲ့သည်။ ၎င်းကင်မရာကို ပုဂ္ဂလိကစုဆောင်းသူတစ်ဦးက ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ လေလံတင်ရုံးက အဆိုပါကင်မရာကို ရောင်းသူရောဝယ်သူပါ အမည်မဖော်ဘဲ လျှို့ဝှက်ထားသည်။ ***(အင်တာနက်)***

❍ ရှေ့ဖုံးမှ

၎င်းရေကူးကန်သည် ပင်လယ်မှ မီတာ ၅၀၀အကွာတွင် တည်ဆောက်ထားခြင်းဖြစ်ရာ အပူအအေးမှာ သဘာဝအလျောက် မျှတလျက်ရှိသည်။ ရေကူးကန်အတွင်းပျမ်းမျှအပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိပြီး ရေကူးသူများအတွက် အဆင်ပြေရန် နေရာရွေးချယ်တည်ဆောက်ထားခြင်းဖြစ်သည်။

တည်ဆောက်ထား

ရေကူးကန်၏ မျက်နှာကြက်အမိုးကို အပြာနုရောင်ခြယ်မှုန်းထားပြီး မိုးတိမ်များပါ ထည့်သွင်းပုံဖော်ထားသည်။ ရေကူးကန်အတွင်းသဘာဝအလျောက်ဖြစ်ပေါ်လေ့ရှိသည့် ရေလှိုင်းများသဖွယ်ပြုလုပ်ထားရာ ရေကူးသူများအတွက် သဘာဝအတိုင်း ခံစားတွေ့ကြုံရေကူးနိုင်ရန် တည်ဆောက်ထားသည်။

မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်ပေါ်ခြင်းတို့မှ ပျက်စီးဒဏ်ခံနိုင်ရန်လည်း ဂျပန်ပညာရှင်များက ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းရေကူးကန်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးရေကူးကန်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ဆက်လက်ထုတ်ပေးလျက်ရှိ

နေပြည်တော် မေ ၁၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်း (၈)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိပြီး မေ ၁၄ ရက်တွင် ကျင်းပသည့် အသေးစားပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၂)၏ ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း(၄)ခုကို အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့သည်။

ယခုထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည့် အဖွဲ့အစည်းများမှာ INGO အဖွဲ့အစည်းတစ်ခု၊ NGO အဖွဲ့အစည်းတစ်ခု၊ သမဝါယမအဖွဲ့အစည်း သုံးခု၊ ကုမ္ပဏီလီမိတက် အဖွဲ့အစည်း ၁၅ ခု စုစုပေါင်းအဖွဲ့အစည်း ၂၀ ဖြစ်သည်။ လိုင်စင်လျှောက်ထားဆဲအဖွဲ့အစည်းများကိုလည်းစိစစ်ပြီး လိုင်စင်အမြန်ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိသည်။

အလေးထားဆောင်ရွက်

အသေးစားငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်လိုသော အဖွဲ့အစည်းများအား အသေးစားငွေရေးကြေးရေးလုပ်ငန်း လိုင်စင်လျှောက်ထားပါက လွယ်ကူလျင်မြန်စွာရရှိရေးအတွက် သက်ဆိုင်ရာကော်မတီများက အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့်နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများနှင့်လည်းကောင်း၊ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းနှင့်လည်းကောင်း ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်မိဘများ ဖြစ်ကြသော (ဦးတင်ရှိန်)-ဒေါ်ခင်တင့်၊ (ဦးကြည်-ဒေါ်ကျင်ရီ) တို့အား ဦးထိပ်ထား၍ ဦးလှထွန်း(လှထွန်း-တွံတေး) ဇနီး ဒေါ်ညွှန့်ညွှန့်သန်း သားသမီးမြေးများက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အဘိုးအဘွားများ ဆေး/အာဟာရ ပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ရိပ်သာအတွင်းရေးမှူး ဦးမြသိန်း လက်ခံယူ၍ ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၀၀၉)

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဘာရာဇီးဘောလုံးအသင်း ချစ်ကြည်ရေးပွဲ နေမာနှင့် ဂန်ဆိုတို့ မပါဝင်နိုင်

ရီယိုဒီဂျနေးရိုး မေ ၁၅

၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲအတွက် ရွေးချယ်ထားသော ဘရာဇီးဘောလုံးကစားသမားများကို စုစည်းလေ့ကျင့်လျက်ရှိရာ ယခုအခါ ဆန်တို့စ်အသင်းမှ ရွေးချယ်ထားသော နေမာနှင့် ဂန်ဆိုတို့အား မိခင်ကလပ်အသင်းနှင့် ဆာဖီးလ်အသင်းတို့ ပွဲကစားရန် ဘရာဇီးနည်းပြက ခွင့်ပြုလိုက်ပြီဖြစ်သည်။

နေမာနှင့် ဂန်ဆိုတို့သည် ဆန်တို့စ်အသင်း၌ အဓိက ကစားသမားများဖြစ်နေရာ မိခင်ကလပ်အသင်းအတွက် ပြန်လည်ခေါ်ယူကစားခြင်းဖြစ်သည်။ ထိုသို့ခွင့်ပြုမှုကို ဘရာဇီးဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြတို့ကလည်း ခွင့်ပြုထားပြီဖြစ်သည်။

ထို့ကြောင့် နေမာနှင့် ဂန်ဆိုတို့နှစ်ဦး **(အပေါ်ပုံ)**သည် မေ ၁၅ ရက်မှ စတင်ကာ ဆန်တို့စ်အသင်း၌ ပြန်ကစားရမည်ဟု ဆုံးဖြတ်ချက်နှင့်အတူ ရွေးချယ်ထားသော ဘရာဇီးဂိုးသမား ရာဖေးလ်သည်လည်း တောင်အမေရိကဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ကစားရမည်။ နေမာ၊ ဂန်ဆိုနှင့် ရာဖေးလ်တို့သည် ဘရာဇီးဘောလုံးအသင်း ချစ်ကြည်ရေးခြေစမ်းပွဲများအဖြစ် ဒိန်းမတ်၊ ဟန်းစ်ဘတ်နှင့် ဂျာမနီတို့ အပါအဝင် အခြားဘောလုံးအသင်း အချို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲများကို လာမည့် မေ ၂၆ ရက်မှ စတင်ကာ ကစားကြမည်ဖြစ်သည်။ ထို့အတူ ဘရာဇီးအသင်းသည် အမေရိကန်နှင့် မေ ၃၀ ရက်၌တစ်ပွဲ၊ မက္ကဆီကိုနှင့် ဇွန် ၃ ရက်၌တစ်ပွဲ၊ အာဂျင်တီးနားနှင့် ဇွန် ၉ ရက်၌တစ်ပွဲ ချစ်ကြည်ရေးပွဲများကစားရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဘရာဇီးအသင်းနည်းပြ မာနိုမန်ဇက်စ်ကလည်း မိမိ၏ ဘောလုံးအသင်းသည် ချစ်ကြည်ရေးပွဲများကို အနိုင်ကစားနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ရောမမာစတာတင်းနစ်ပြိုင်ပွဲ အိုင်ဗင်နိုဗစ်အနိုင်ရရှိ

ရောမ မေ ၁၅

ဆားဘီးယားတင်းနစ်မယ် အိုင်ဗင်နိုဗစ်

ရောမမာစတာတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို အီတလီနိုင်ငံ ရောမမြို့၌ မေ ၁၅ ရက်က စတင်ယှဉ်ပြိုင်ရာ အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပွဲစဉ်၌ ဆားဘီးယားတင်းနစ်မယ် အိုင်ဗင်နိုဗစ်က ရုရှားတင်းနစ်မယ် ကုဇ်နက်ဆိုဗာအား အနိုင်ရပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။

အိုင်ဗင်နိုဗစ်သည် ကုဇ်နက်ဆိုဗာအား ၆-၄၊ ၆-၃ ဖြင့်နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ အိုင်ဗင်နိုဗစ်သည် စပေးဘောရိုက်ချက်များမှ အမှတ်ရယူမှုများခဲ့သည်။ နောက်ထပ်ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်မယ် ဂါရီဂတ်စ်က တရုတ်တင်းနစ်မယ်ကျန်ကျီအား ၆-၂၊ ၆-၁ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်တက်ရောက်သွားပြီဖြစ်သည်။

ထို့အတူ အမေရိကန်တင်းနစ်မယ်ဗာနီရာကင်းက ဘူလ်ဂေးရီးယားတင်းနစ်မယ် ပီရွန်ကိုဗာအား ၆-၀၊ ၆-၁ ဖြင့်အနိုင်ရပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်သည်။ တစ်ဖန်ရုရှားတင်းနစ်မယ် ပလူချင်ကိုဗာက ကာဇက်စတန်တင်းနစ်မယ် ပါဗက်အား ၆-၂၊ ၆-၄ ဖြင့်အနိုင်ရရှိခဲ့သည်။ ဆက်လက်ပြီး ချက်တင်းနစ်မယ် ဘင်ဆိုဗာက ဘယ်လ်ဂျီယံတင်းနစ်မယ် ဝစ်မေယာအား ၆-၄၊ ၅-၇၊ ၇-၆၊ (၇/၅)ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ အမျိုးသားတစ်ဦးချင်း ပထမအဆင့်ပြိုင်ပွဲ၌ ပြင်သစ်မှမွန်ဖီးလ်က ရုရှားမှ ဘိုလ်ဂိုမိုလော့ဗ်အား ၆-၄၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဩစတြေးလျမှ တိုမစ်က ကိုလံဘီယာမှဂီရာဒိုအား ၄-၆၊ ၆-၂၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် ပေါ်တူဂီဘောလုံးသမား ၂၃ ဦး စာရင်းထုတ်ပြန်

လစ္စဘွန်း မေ ၁၅

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် ပေါ်တူဂီဘောလုံးအသင်းကစားသမား ၂၃ဦးကို ပေါ်တူဂီနည်းပြ ပေါ်လိုဘန်တိုက မေ ၁၅ ရက်တွင် စာရင်းထုတ်ပြန်လိုက်ပြီဖြစ်ရာ တိုက်စစ်မှူးများအဖြစ် စီရိုနယ်ဒိုနှင့် နာနီတို့ပါဝင်သည်။

*စီရိုနယ်ဒိုနှင့် နာနီတို့နှစ်ဦး **(ဝဲပုံ)**သည် မိခင်ကလပ်အသင်းများဖြစ်ကြသည့် ရီးရဲမက်ဒရစ်နှင့် မန်ယူအသင်းတို့၌ ခြေစွမ်းပြကစားနေကြသူများဖြစ်ရာ မိမိတို့ပေါ်တူဂီအသင်းအတွက် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း နည်းပြပေါ်လိုဘန်တိုက ထုတ်ဖော်ပြောကြားသည်။*

ပေါ်တူဂီအသင်းတွင် ဂိုး- ပက်ထရစ်စီအို၊ အီကွာဒို၊ ဘီတိုတို့ဖြစ်ကြပြီး နောက်တန်း-ဘရူနိုအဲလ်ဗက်စ်၊ ဖာဘီအိုကွန်ထရို၊ ပီရဲရား၊ ပီပီ၊ ရီကာဒိုကော်စတာ၊ ရိုလန်ဒို၊ မီဂွယ်လိုပက်စ်တို့ဖြစ်ကြသည်။ ကွင်းလယ်တွင် ကာလို့စ်မာတင်၊ မူတင်ပို၊ ကတ်တိုဒီအို၊ ဗီလိုဆို၊ မီယာလက်စ်၊ ရူဘင်မီကယ်တို့ဖြစ်ကြသည်။

ရှေ့တန်းတွင်- စီရိုနယ်ဒို၊ အယ်မီးဒါ၊ ပေါစ်တီဂါ၊ နာနီ၊ အိုလီဗီရာ၊ ကွာရက်စ်မာနှင့် ဗာရီလာတို့ဖြစ်ကြသည်။ ၎င်းဘောလုံးသမားများသည် ဥရောပထိပ်တန်းကလပ်များတွင် ခြေစွမ်းပြကစားနေကြသူများဖြစ်သည်။ အဆိုပါပေါ်တူဂီကစားသမားများအား မေလကုန်မှစတင်ကာ စုစည်းလေ့ကျင့်ပြီး ခြေစမ်းပွဲငါးပွဲကစားရန်စီစဉ်ထားကြောင်း ပေါ်တူဂီနည်းပြပေါ်လိုဘန်တိုက ပြောကြားသည်။ ထို့အတူ ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်ဒိုက မိမိတို့အသင်းသည် အနိမ့်ဆုံး အကြိုဗိုလ်လုပွဲရောက်ရှိမည်ဟု ပြောကြားလိုက်ပြီး မိမိအနေဖြင့် ဂိုးအများဆုံးသွင်းယူနိုင်အောင် ကြိုးစားသွားမည်ဟု သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

(အင်တာနက်)

နယူးကာဆယ်နည်းပြ အလန်ပါဒူးအား LMA အကောင်းဆုံးမန်နေဂျာဆု ချီးမြှင့်

လန်ဒန် မေ ၁၅

*နယူးကာဆယ်မန်နေဂျာ အလန်ပါဒူးအား ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၎င်း၏အသင်းကို ပဥ္စမနေရာသို့ အရောက်ပို့နိုင်ခဲ့ပြီးနောက် ယခုနှစ်အတွက် အကောင်းဆုံးမန်နေဂျာဆုတစ်ဆုဖြစ်သည့် LMA မန်နေဂျာဆု ချီးမြှင့်လိုက်သည်။ **(ယာပုံ)***

အဆိုပါဆုကို အင်္ဂလန်ရှိ ကြေးစားလိဂ်လေးခုမှ LMA အဖွဲ့ဝင်များက ဆန္ဒမဲပေး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ နယူးကာဆယ်အသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ရုန်းကန်ကြိုးစားခဲ့ရပြီး ၃၈ ပွဲ ကစားရာတွင် ၁၉ ပွဲ အနိုင်ကစားပေးနိုင်ခဲ့သည်။ ပါဒူးသည် ပြီးခဲ့သည့် မေ ၁၄ ရက်က လန်ဒန်မြို့တွင် တစ်နှစ်တာအကောင်းဆုံး ဘာကလေပရီမီယာလိဂ်မန်နေဂျာဆုလည်း ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ "ယခုနှစ်ရာသီမှာ အလန်ပါဒူးရဲ့အောင်မြင်မှုတွေအတွက် အားလုံးကမြင်ခဲ့တွေ့ခဲ့ကြပါပြီ။ ဒါကြောင့်လည်း သူဟာ LMA မန်နေဂျာဆုနဲ့ ထိုက်တန်တဲ့သူတစ်ယောက်ပါ"ဟု LMA ဥက္ကဋ္ဌ ဟောဝပ်ဝီလ်ကင်ဆင်က ပြောကြားသည်။

(အင်တာနက်)

ဗန်ပါစီ၏အနာဂတ် နည်းပြဝင်းဂါးနှင့်ဆွေးနွေးမည်

လန်ဒန် မေ ၁၅

တိုက်စစ်မှူး ဗန်ပါစီ၏အနာဂတ်နှင့်ပတ်သက်ပြီး မေ ၁၆ ရက် (ယနေ့) **တွင် နည်းပြအာစင်ဝင်းဂါး၏ နေအိမ်၌ ဆွေးနွေးကြမည်ဟု ဆိုသည်။**

အဆိုပါဆုံးဖြတ်ချက်ကို ဗန်ပါစီ နယ်သာလန်အသင်းသို့ ယူရို ၂၀၁၂ အတွက် သွားရောက်မကစားမီ ချမှတ်မည်ဟုဆိုသည်။ အသက် ၂၈ နှစ်ရှိ ဗန်ပါစီနှင့် အာဆင်နယ်တို့ ချုပ်ဆိုထားသောစာချုပ်မှာ တစ်နှစ်သာကျန်တော့သည်။ ၎င်းသည် ယခုနှစ်ရာသီအတွက် အာဆင်နယ်နှင့်နယ်သာလန်အသင်းအပါအဝင် စုစုပေါင်း ၅၃ ပွဲတွင် ၄၁ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ဗန်ပါစီသည် ပြီးခဲ့သည့်ရာသီအတွင်း အာဆင်နယ်အတွက် ပွဲထွက်ကစားမှု ၄၈ ပွဲတွင် ၃၇ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်တစ်ခုတည်း၌ပင် ၃၈ ပွဲကစားခဲ့ရာတွင် ဂိုး ၃၀ သွင်းယူနိုင်ခဲ့သည်။ ဗန်ပါစီသည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ်ဂိုးအများဆုံးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အက်ဖ်အေအကောင်းဆုံး ဘောလုံးသမားဆုနှင့် အားကစား ကလောင်ရှင်များ၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**



တိုက်စစ်မှူး ဗန်ပါစီ

မြင့်မောင်စိုး – စုစည်းသည်

လာမည့်နှစ်ဖလားစိန်ခေါ်ပွဲအတွက် မန်ယူတွင် ရန်ပုံငွေအပြည့်ရှိ

လန်ဒန် မေ ၁၅

မန်ယူအသင်းသည် လာမည့်ရာသီ ဖလား စိန်ခေါ်ပွဲအတွက် ရန်ပုံငွေ အလုံအလောက်ရှိကြောင်း မန်ယူအမှုဆောင်အရာရှိဒေးဗစ်ဂီးလ်က အခိုင်အမာ ပြောကြားသည်။

မန်ယူနည်းပြကြီးဖာဂူဆန်သည် မန်စီးတီးအား ဖလားလွှဲပေးခဲ့ရပြီးနောက် အသင်းကို ပြန်လည်အားဖြည့်ရန် စိတ်အားထက်သန်နေသည်။ ဖာဂူဆန်က ဒေါ့မွန်ကလပ်မှ ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါနှင့် ရောဘတ်လီဝမ်ဒေါ့စကီတို့အား ခေါ်ယူရန် ဆက်သွယ်ထားသည်။

ပြောကြား

ကာဂါဝါသည် ဒေါ့မွန်အတွက် ၂၉ ပွဲကစားပြီး ၁၃ ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ဒေါ့မွန်ကလပ်အတွက် ဘွန်ဒက်စ်လီဂါဖလားနှင့် ဂျာမန်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ မန်ယူအတွက် အဓိကကွင်းလယ်ကစားသမားတစ်ဦး လိုအပ်နေသည်။ ယင်းအတွက် ဖြည့်ဆည်းရန် မန်ယူတွင်ငွေကြေးအလုံအလောက်ရှိကြောင်း ဒေးဗစ်ဂီးလ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမား ပေါလ်စခိုးလ် မန်ယူတွင် တစ်နှစ်ဆက်ကစားမည်

ကွင်းလယ်ကစားသမား ပေါလ်စခိုးလ်နှင့် ရွန်နီတို့အား တွေ့ရစဉ်။

လန်ဒန် မေ ၁၅

မန်ယူ ကွင်းလယ်ကစားသမား ပေါလ်စခိုးလ်သည် လာမည့် ဘောလုံးရာသီတွင် မန်ယူအတွက် ဆက်လက်ကစားပေးလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

အသက် ၃၇ နှစ်ရှိ ပေါလ်စခိုးလ်သည် ဇန်နဝါရီလက အနားယူခဲ့ပြီးနောက် မန်ယူတွင် ပြန်လည်ပါဝင်ကစားခဲ့သည်။ ၎င်းအား နည်းပြဖာဂူဆန်က နောက်ထပ်တစ်နှစ်ဆက်ကစားရန် စာချုပ်လိုက်ပြီဖြစ်သည်။

"ပေါလ်စခိုးလ်အား နောက်ထပ်တစ်နှစ် ခေါ်ယူထားနိုင်တဲ့အတွက် မန်ယူအသင်းအနေနဲ့ အများကြီးအကျိုးရှိမှာပါ။ သူဟာ လာမယ့်ရာသီမှာ အနည်းဆုံး ၂၅ ပွဲကနေ ပွဲ ၃၀ အထိ ကစားပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု နည်းပြဖာဂူဆန်က ပြောကြားသည်။

ပြန်လည်ကစား

ပေါလ်စခိုးလ်သည် ၂၀၁၁ ခုနှစ် မေလက မန်ယူအတွက် ပွဲပေါင်း ၆၇၆ ပွဲ ကစားခဲ့ပြီးနောက် ဘောလုံးလောကမှ အနားယူရန် ကြေညာခဲ့သည်။ အနားယူပြီး မန်ယူအတွက် အသင်းအုပ်ချုပ်သူအဖြစ် လုပ်ကိုင်ပေးခဲ့သည်။ သို့သော်လည်း ကွင်းလယ်ကစားသမား အခက်အခဲကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလက မန်ယူတွင် ပြန်လည်ကစားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လူနေရပ်ကွက်အမှတ် ၃၀၊ ထွန်းသီရိလမ်း၊ မြေကွက်အမှတ် ၅၅၈ဟုခေါ်တွင်သော အကျယ်အဝန်းအလျား (၄၇+၄၃) ပေ×အနံ ၆၈ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးချစ်လှိုင် AA -၁၁၄၆၄၁ (၁၂/စခန(နိုင်)၀၂၅၄၈၇) ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှစန်း ၁၂/ဥကတ(နိုင်)၀၂၈၉၀၈ နှင့် သူမ၏ခင်ပွန်းဖြစ်သူ ဦးတင်ကို ၁၂/ဥကတ(နိုင်)၀၂၈၈၉၉တို့ထံမှ ကျွန်မ ဒေါ်အေးသီရိ ၁၂/ကမရ(နိုင်)၀၃၃၂၃၂က ဝယ်ယူရန် အိမ်၊ မြေ တန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါ အိမ်၊ မြေနှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ အခြားခိုင်လုံသော စာရွက်စာတမ်းမူရင်းများကိုပါ ပြသ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသီရိ
၁၂/ကမရ(နိုင်)၀၃၃၂၃၂
အမှတ် ၁၃၁၊ (E/2)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူ ၂၁လမ်း၊ အမှတ် ၇၈၅ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၇၈၅၏ မြေဧရိယာ ၂၄၀၀ စတုရန်းပေဧက အကျယ်အဝန်းရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးမြင့် BR-၀၃၂၁၂၉ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၈၂၀/၂၀၁၂အရ ပိုင်ဆိုင်သူများဖြစ်ကြသည့် (၁) ဒေါ်ခင်စိုးမြင့် ၁၂/ဥကတ(နိုင်)၁၀၉၇၁၁၊ (၂) ဦးခင်စိုး ၉/ပမန(နိုင်)၀၉၈၅၇၂၊ (၃) ဦးစိုးလွင် ၁၂/လမန(နိုင်)၀၆၉၆၄၄၊ (၄) ဒေါ်ကြည်ကြည်မြင့် ၁/မကန(နိုင်)၀၇၄၅၄၀၊ (၅)ဒေါ်ရီရီမြင့် ၁၂/ဥကတ(နိုင်)၀၆၉၃၂၉၊ (၆) ဒေါ်ချိုချိုမြင့် ၁၂/ဥကတ(နိုင်)၀၂၂၅၉၃၊ (၇) ဦးဇော်မင်း ၁၂/ဥကတ(နိုင်)၁၃၆၃၂၀တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B)	**ဒေါ်လှလှခိုင် (LL.B)**
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁ A (ဒုတိယထပ်)၊ ၃၆လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သတင်း၊ ဆောင်းပါးများ ပေးပို့နိုင်

နေပြည်တော် ဧပြီ ၂၉

မြန်မာ့အလင်းသတင်းစာကို ယခုအခါ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲထုတ်ဝေလျက်ရှိရာ မြို့နယ်သတင်းထောက်များသည် သတင်းထောက်အမှတ်များဖော်ပြ၍လည်းကောင်း၊ သတင်း၊ သတင်းဓာတ်ပုံ၊ သတင်းဆောင်းပါးနှင့် ဆောင်းပါးများပေးပို့လိုသော ဝါသနာရှင်များသည် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်ရှိက ဖော်ပြ၍လည်းကောင်း မိမိတို့မြို့နယ်များအတွင်း ဖြစ်ပွားလျက်ရှိသော လူမှုရေး၊ စီးပွားရေးသတင်းများ၊ သဘာဝဘေးအန္တရာယ်သတင်းများအပြင် ထူးခြားဖြစ်စဉ် သတင်း၊ ဓာတ်ပုံများကို မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt@gmail.com နှင့် ဖက်စ် ၀၆၇-၃၆၁၄၆ တို့သို့ ပေးပို့နိုင်ကြပါသည်။ **(စာတည်းအဖွဲ့)**

ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ရေနံတောင်-အုပ်တွင်း ကျေးရွာချင်းဆက်လမ်းကို သရက်တစ်ပင်ကျောင်း ဆရာတော် ဦးကုမာရ ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများက ငွေကျပ် သိန်း ၃၀ အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး လမ်းခင်းခြင်းလုပ်ငန်းကို မေ ၁၂ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒေါ်စိုးစိုးထွန်း(ခ)ဒေါ်စုစုမာနှင့်အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဦးညွန့်ဖူး ၁၂/သဃက(နိုင်)၁၁၈၇၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်စိုးစိုးထွန်း(ခ)ဒေါ်စုစုမာ ၁၂/ဗဟန(နိုင်)၀၂၁၁၈၉တို့သည် အကြင်လင်မယားများ ဖြစ်ကြပါသည်။ ဒေါ်စိုးစိုးထွန်း(ခ)ဒေါ်စုစုမာ ပေးရန်ရှိသောကိစ္စများကို ကျွန်ုပ်၏မိတ်ဆွေ ဦးညွန့်ဖူးမှ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါသည်။ ဒေါ်စိုးစိုးထွန်း(ခ)ဒေါ်စုစုမာ ခုနစ်ရက်အတွင်း လာရောက်ပါရန်နှင့် ခုနစ်ရက်အတွင်း လာရောက်ခဲ့ခြင်းမရှိပါက နောက်နောင်ဖြစ်ပေါ်လာသော ကိစ္စများကို ကျွန်ုပ်၏ မိတ်ဆွေမှ တာဝန်ယူမည်မဟုတ်ပါ။ ဒေါ်စိုးစိုးထွန်း(ခ)ဒေါ်စုစုမာအား လက်ခံထားသူ(ခ) တရားမဝင်ခေါ်ယူထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးညွန့်ဖူး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးနန္ဒာမင်း (LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၂၆၀၈၆)
အမှတ် ၇၄၈၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၃၀၉၇၆၀၉

တရားဝင်ဇနီးဖြစ်ကြောင်း

အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြောက်၊ အောင်ချမ်းသာရပ်နေ **ကိုအောင်မျိုးပိုင်** ၁၄/အဂပ(နိုင်)၁၅၉၇၂၉နှင့် တောင်ဥက္ကလာပ၊ ၁၂ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၆၅၉၊ ကျွန်မ **ကေခိုင်လွင်** ၁၂/ဥကတ(နိုင်)၁၅၇၁၉၅ တို့သည် ၂၀၀၆ခုနှစ် မေ ၂ရက်တွင် ကျောက်ဆည်မြို့နယ် တရားသူကြီးရှေ့မှောက်တွင် တရားဝင်လက်ထပ်ခဲ့ပြီး ယနေ့တိုင် ပေါင်းသင်းနေထိုင်ဆဲဖြစ်ပါသဖြင့် ကျွန်မသာ တရားဝင်ဇနီးမယား ဖြစ်ပါကြောင်း။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မကေခိုင်လွင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၅) ရပ်ကွက် မဟာဓမ္မရက္ခိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း အကျယ် ပေ ၈၀၊ အနံ ၂၅ ပေရှိ နှစ်ထပ်အုတ်ကျောင်းဆောင်ကို ဂျပန်နိုင်ငံ ဖူကုအိုခ Lionb Club အဖွဲ့မှ ဆောက်လုပ်ပြီး ပညာရေးကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒ (ဓမ္မာစရိယBET)အား ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မေ ၁၁ ရက်က ကျောင်းရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဂျပန်နိုင်ငံ ဖူကုအိုခ Lionb Club အဖွဲ့မှ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၂၅)

ကိုရီးယားဘာသာသင်တန်း

ဒေါ်ခင်ဆွေမြင့် B.A(Myanmar) Dip-in Korean

၂၀၁၂ ဇွန်လတွင် ဖြေဆိုရမည့် EPS-KLT စာမေးပွဲအား ဝင်ရောက်ဖြေဆိုနိုင်ရန် အခြေခံမှစ၍ မေးခွန်း ၂၀၀၀ကို အချိန်တိုအတွင်း ထိရောက်စွာ သင်ကြားပေးမည်။ အမှတ် ၄၀ (ပထမထပ်)၊ ၁၀၁လမ်း(အောက်)၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း-၀၁-၂၀၁၇၅၁၊ ၀၉-၄၃၁၅၉၉၁၁

အမည်ပြောင်း

ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက်နေ ဦးအေးကျော် ၁၁/ပဏတ(နိုင်)၀၂၀၉၂၂ ၏သား မောင်အောင်မင်းနိုင် တက္ကသိုလ်ဝင်တန်းနှင့် မောင်အောင်ကျော်နိုင် ၁၁/ပဏတ(နိုင်)၀၇၇၁၃၇ ပုဏ္ဏားကျွန်း အထက၊ အဋ္ဌမတန်း(A) အောင်တို့အား မောင်လင်းမြတ်နှင့် မောင်ပြည်သိန်းဌေးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းမြတ်၊ မောင်ပြည်သိန်းဌေး**

ခာပေ မြင့်မှ လူမျိုး တင့်မည်

ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(ခွဲ)၊ကတုတ်၊ န၀မတန်းအောင်မှ မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၇/ဒဥန(နိုင်) ၀၈၉၀၄၈ ဖြစ်ပါသည်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးခင်ကျော်၏သမီး မြောက်ဥက္ကလာပမြို့နယ်၊ အထက-၆၊ တက္ကသိုလ်ဝင်တန်းမှ မပပဝင်းအား ယနေ့မှစ၍ မပပဝင်း(ခ)မမိုးမိုးစံဟု ဖြည့်စွက်ခေါ်ပါရန်။ **မပပဝင်း(ခ)မမိုးမိုးစံ**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် တွံတေးမြို့၌ ဖွင့်

ရန်ကုန် မေ ၁၅

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာ သုတမဏ္ဍိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနန္ဒအောင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလှိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ ကျေးရွာစေတနာရှင်အလှူရှင်များက သုတရသ စာအုပ် ၁၂၀ တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့ကလက်ခံယူကြသည်။ အဆိုပါစာကြည့်တိုက်အဆောက်အအုံကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပံ့ပိုးငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေကျပ်ကိုးသိန်းဖြင့် အကုန်အကျခံဆောက်လုပ်ထားခြင်းဖြစ်ပြီး စာကြည့်တိုက်အမျိုးအစားမှာ (၁၅×၁၅)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းတူညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ရက်က မြို့နယ်သီရိဇေယျ နော်ရထာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဝန်ထမ်း ၆၅ ဦးအတွက် ငွေကျပ် ၁၀၇၂၅၀၀ တန်ဖိုးရှိ ဝတ်စုံ ၆၅ စုံပေးအပ်စဉ်။ (၁၅၁)

မြန်မာ့အလင်း မီးလောင်မှုသတင်း

ပန်းတနော်နှင့် ပုသိမ်၌ တစ်နေ့တည်း မီးလောင်မှုဖြစ်ပွား

ပန်းတနော် မေ ၁၅

မေ ၁၄ ရက် ညနေ ၃ နာရီခွဲခန့်က ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာ ငါးသားပေါက်စခန်းမှ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း လေးခန်းတွဲ ဝန်ထမ်းလိုင်းခန်းတစ်ခန်း၏ မီးကြွင်းမီးကျန် မီးဖိုမှစတင်လောင်ကျွမ်းရာ ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မီးမှာ ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။ အဆိုပါ မီးလောင်မှုကြောင့် ဝန်ထမ်းလိုင်း လေးခန်းတွဲတစ်လုံးဆုံးရှုံးသွားပြီး မီးလောင်မှုနှင့်ပတ်သက်၍သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

ငြိမ်းသတ်နိုင်

အလားတူ မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ပုသိမ်မြို့ အမှတ်-၁၃ ရပ်ကွက် (လွန်ကန်) ပုသိမ်-ရန်ကုန် ကားလမ်းဘေး-ဖိုက်ဝမ်း စက်သုံးဆီဆိုင်အနီးရှိ ပြည်သူ့ ဆောက်လုပ်ရေးသိုလှောင်ရုံးဝင်းအတွင်းရှိ ထရံကာ၊ ဓနိမိုး၊ ပျဉ်ခင်း ငါးခန်းတွဲ လူနေတန်းလျားအခန်းတစ်ခန်း၏ အိပ်ခန်းအတွင်း ခြင်ဆေးခွေထွန်းထားခဲ့ရာမှ စောင်၊ ခြင်ထောင်၊ အကာထရံကူးစက်လောင်ကျွမ်းရာ ဧရာဝတီ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ခြောက်စီးနှင့် မြို့မရေအလှူအသင်းမှ ရေသယ်ယာဉ်တစ်စီး မီးသတ်တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ငြိမ်းသတ်နိုင်မှုကြောင့် မီးမှာ ၁၀ နာရီ ၄၅ မိနစ်တွင် လုံးဝငြိမ်းသွားသည်။

အရေးယူ

အဆိုပါ မီးလောင်မှုကြောင့် ဝန်ထမ်းနေ ငါးခန်းတွဲလိုင်းခန်း တစ်လုံးဆုံးရှုံးသွားပြီး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

ပြည်ထောင်စုဖွားသွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန် -

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင်အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

16-5 (11).pmd 1 5/16/2012, 1:53 AM

သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ

ဥက္ကာခဲများကျဆင်းမှုကို လေ့လာမည့် အဲရှစ်ယာဉ်လွှတ်တင်



ဝါရှင်တန် မေ ၁၅

တောင်အတွင်း လွင့်ပျံ့ကျဆင်းလာသော ဥက္ကာခဲများကိုလေ့လာသုတေသနပြုနိုင်ရန်အတွက် အမေရိကန်သိပ္ပံပညာရှင်များက အဲရှစ်သုတေသနယာဉ်ကို လွှတ်တင်လိုက်ကြောင်း မေ ၁၃ ရက်က သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)** လွန်ခဲ့သည့် သီတင်းနှစ်ပတ်ကျော်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်းနှင့် နီဗားဒါးပြည်နယ်တို့တွင် အာကာသမှ ဥက္ကာခဲအစိတ်အပိုင်းများ ကျရောက်ခဲ့မှုကိုတွေ့ရှိခဲ့သဖြင့် အဲရှစ်ကို လွှတ်တင်ကာစောင့်ကြည့်မှုများပြုလုပ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမြေပြင်သို့ကျရောက်ခဲ့သည့် ဥက္ကာခဲအစိတ်အပိုင်းများသည် အရွယ်အစားကြီးမားခြင်းမရှိဘဲ ဥက္ကာခဲအစိတ်အပိုင်းတစ်ခုလျှင် အလေးချိန် ၁၉ ဂရမ်ခန့်သာရှိကြောင်း တွေ့ရသည်။

နာဆာမှသုတေသနပညာရှင်များသည် ကယ်လီဖိုးနီးယားပြည်နယ် အမြင့်ဆုံးတောင်ထိပ်မှနေ၍ ဥက္ကာခဲများကျဆင်းမှုကိုစောင့်ကြည့်လေ့လာလျက်ရှိသည်။

၎င်းအဲရှစ်တွင် ဥက္ကာခဲများ ကျဆင်းလွင့်ပျံ့မှုကို စောင့်ကြည့်နိုင်ရန် အာရုံခံကိရိယာများနှင့်ကင်မရာများ တပ်ဆင်ထားသည်။ ဥက္ကာခဲများမည်သည့်အချိန်၊ မည်သည့်နေရာတွင် ကျဆင်းသွားသည်ကိုလည်း ယင်းအဲရှစ်မှ အာရုံခံကိရိယာဖြင့် သိရှိနိုင်မည်ဖြစ်သည်။

မှတ်တမ်းတင်

ယင်းအာရုံခံကိရိယာသည် အလွန်သေးငယ်သော ဥက္ကာခဲအစိတ်အပိုင်းလေးများ ကျဆင်းမှုကိုပင် သိရှိနိုင်သည်။ မည်သည့်နေရာ ကျဆင်းသွားခဲ့သည်ကို ကင်မရာဖြင့် မှတ်တမ်းတင်ထားနိုင်သည်။

မျှော်မှန်းထား

အာကာသမှ ကျဆင်းသည့်ဥက္ကာခဲသည် မီနီဗင်မော်တော်ကားအရွယ်အစားမျှရှိလျှင် ယင်းမှအလွန်အစွမ်းထက်သော စွမ်းအင်ကိုထုတ်ယူနိုင်စွမ်းရှိမည်ဟု သိပ္ပံပညာရှင်များက မျှော်မှန်းထားသည်။ **(အင်တာနက်)**

အာကာဟိန်း-စုစည်းသည်

ဗီးနပ်စ်ဂြိုဟ်မျက်နှာပြင်၏ အနေအထား ကမ္ဘာဂြိုဟ်နှင့် များစွာတူညီနေ



ပါရီ မေ ၁၅

ဗီးနပ်စ်ဂြိုဟ်၏ မျက်နှာပြင်တွင်ဖြစ်ပေါ်နေသော အပူချိန်၊ လေထုဖိအားနှင့် အလင်းရောင်တို့သည် ကမ္ဘာဂြိုဟ်နှင့် တူညီလျက်ရှိကြောင်း ဥရောပအာကာသအေဂျင်စီက မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ (ယာပုံ)

ဗီးနပ်စ်ဂြိုဟ်မျက်နှာပြင်၏ အနေအထားသည်လည်း ကမ္ဘာဂြိုဟ်၏ မျက်နှာပြင်အနေအထားနှင့် တူညီလျက်ရှိရာ အလွန်အံ့အားသင့်ဖွယ်ရာဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အာကာသသိပ္ပံပညာရှင် ခရစ္စတိုဖာရက်စ်ဆဲလ်က ပြောကြားသည်။ ထိုသို့သော အချက်အလက်များတူညီနေမှုကို ဗီးနပ်စ်ဂြိုဟ်အား လေ့လာလျက်ရှိသော အီစ်ပရက်စ်လေ့လာရေးယာဉ်မှနေ၍ ပေးပို့သည့် ဗီးနပ်စ်ဂြိုဟ် မျက်နှာပြင်ဓာတ်ပုံများအရ သိရှိရခြင်းဖြစ်သည်။ ကမ္ဘာဂြိုဟ်၊ ဂျူပီတာဂြိုဟ်နှင့် စေတန်ဂြိုဟ်တို့သည် ကိုယ်ပိုင်အလင်းရောင်များရှိကြရာ မျက်နှာပြင်ဖွဲ့စည်း တည်နေမှုအနေအထားလည်း တူညီလျက်ရှိကြောင်း အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ဆိုလာမျှော်စင်ပါရှိသော နေစွမ်းအင်စက်ရုံ တည်ဆောက်မည်

ဝါရှင်တန် မေ ၁၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် နေစွမ်းအင်တစ်မျိုးတည်းသာ သုံးစွဲနိုင်ရေးအတွက် ဘရိုက်သော့ကုမ္ပဏီက ဆိုလာမျှော်စင်ပါရှိသည့် နေစွမ်းအင်စက်ရုံတစ်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း မေ ၁၃ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ထုတ်ယူ

၎င်းနေစွမ်းအင်စက်ရုံကို ဟစ်ဒင်ဟီးလ်ဟု အမည်ပေးထားပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့် အကုန်အကျခံတည်ဆောက်မည်ဖြစ်သည်။ စက်ရုံပြီးစီးသွားပါက ဓာတ်အားမဂ္ဂါဝပ် ၅၀၀ ထုတ်ယူနိုင်မည်ဖြစ်သည်။

ဖြန့်ဖြူး

အဆိုပါ နေစွမ်းအင်စက်ရုံကို ကယ်လီဖိုးနီးယားပြည်နယ် လပ်စ်ဗီးဂတ်စ်မြို့ အနောက်မြောက်ဘက် ၄၅ မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသည်။ ဓာတ်အား မဂ္ဂါဝပ် ၂၅၀ စီ ထုတ်ယူရရှိနိုင်မည့် ဆိုလာပြားဆက်ကြောင်းနှစ်ခုမှနေ၍ စွမ်းအင်စုစည်းရယူကာ ဓာတ်အားပြန်လည်ဖြန့်ဖြူးမည်ဖြစ်သည်။ ယင်းဆိုလာစွမ်းအင်စက်ရုံတွင် အမြင့်ပေ ၇၅၀ ရှိသော ဆိုလာမျှော်စင်ကြီး တည်ဆောက်ပြီး နေရောင်ခြည်မှ တိုက်ရိုက်ရယူကာ စွမ်းအင်များကို စုစည်းရယူမည်ဖြစ်သည်။ ဆိုလာမျှော်စင်ထိပ်တွင် နေရောင်ခြည်တန်းများကို စုစည်းမှု ပိုမိုကောင်းမွန်သည့် အထူးတီထွင်ထုတ်လုပ်ထားသော ဆိုလာစလောင်းဖြင့်ရယူရန် တီထွင်ထားသည်။ ဝေဟင်အမြင့် ပိုမိုမြင့်မားစွာ တည်ဆောက်ထားသည့် ဆိုလာမျှော်စင်များက အချိန်တိုအတွင်း စွမ်းအင်များစွာ ထုတ်ယူပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးခြားဆန်းပြား ကမ္ဘာတစ်လွှားထူးခြားဆန်းပြား ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

ကမ္ဘာ့အကြီးဆုံးစားသောက်ဆိုင်ကြီး လန်ဒန်မြို့၌ မကြာမီဖွင့်လှစ်မည်

လန်ဒန် မေ ၁၅

*ကမ္ဘာပေါ်တွင် အကြီးဆုံး မက်ဒေါ်နယ်လ်စားသောက်ဆိုင်ကြီး **(ယာပုံ)**ကို လန်ဒန်မြို့ အရှေ့ပိုင်းစတန်းဖို့ဒ်အရပ်၌ တည်ဆောက်ပြီးဖြစ်၍ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မေ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။*

၎င်းအမြန်စားစရာများရောင်းချသည့် ဆိုင်ကြီးကို မကြာမီ ကျင်းပတော့မည့် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ် အားကစားပွဲတော်ကြီးအတွက် အထူးအစီအစဉ်ဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဝန်ဆောင်မှုပေးမည်

အဆိုပါဆိုင်ကြီးတွင် လူပေါင်း ၁၅၀၀ကျော် တစ်ပြိုင်တည်းစားသောက်၍ရသည့်ထိုင်ခုံနှင့်စားပွဲများ ခင်းကျင်းထားပြီး ဆိုင်ဝန်ထမ်း ၂၀၀၀ ကျော်တို့က လာရောက်စားသောက်ကြသည့် ပရိသတ်အတွက် ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

မြေဧရိယာအကျယ်အဝန်းစတုရန်းမှာ ၃၀၀၀ ခန့်ပေါ်တွင် တည်ဆောက်ထားသော ၎င်းစားသောက်ဆိုင်ကြီးတွင် ဧည့်သည် ၁၂၀၀၀ ခန့် မတ်တတ်ရပ်ပြီး လွတ်လပ်စွာ စားသောက်နိုင်သည်။

အသင့်အနေအထား

ယင်းဆိုင်ကြီးတွင် ဟမ်ဘာဂါ ၅၀၀၀၀ ခန့် နှင့် အသားကြော်၊ ကြက်ကြော်များအရေအတွက်မှာ ၁၈၀၀၀၀ ခန့် ရှိပြီး ၎င်းစားစရာများမှာ အချိန်မရွေး စားသုံးနိုင်အောင် စီစဉ်ထားသည်။

ကမ္ဘာပေါ်တွင်ရှိသော စားသောက်ဆိုင်များအနက် အကြီးဆုံးသော စားသောက်ဆိုင်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အင်တာနက်)***

အနာဂတ်မော်တော်ယာဉ်များအတွက် ကမ္ဘာ့အသေးဆုံးဘက်ထရီ

လော့စ်အိန်ဂျလိစ် မေ ၁၅

သရီးဒီရုပ်မြင်သံကြားဖမ်းစက်များ၊ လျှပ်စစ်မော်တော်ယာဉ်များနှင့် လေအေးစက်များအတွက် အသုံးပြုနိုင်သည့် လစ်သီယမ်အိုင်းယွန်း ဘက်ထရီလေးများကို အမေရိကန်သုတေသနပညာရှင်များက ထုတ်လုပ်လိုက်ကြောင်း မေ ၁၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

အသုံးပြုနိုင်

အသစ်ထုတ်လုပ်လိုက်သော လစ်သီယမ်အိုင်းယွန်းဘက်ထရီလေးများသည် ဓာတ်ခဲလေးများဖြစ်ပြီး သယ်ဆောင်သိမ်းဆည်းရာတွင်လည်း လွယ်ကူသည်။ လျှပ်စစ်ကားများတွင် အသုံးပြုပါက လစ်သီယမ်အိုင်းယွန်း ဘက်ထရီဓာတ်ခဲသုံးလုံးလျှင် နာရီ ၂၀ ကျော်မျှ အသုံးပြုနိုင်သည်။

ထို့အတူ ဓာတ်ငွေ့သုံးမော်တော်ယာဉ်များတွင်လည်း ၎င်းဘက်ထရီ ဓာတ်ခဲလေးများကို ဘက်ထရီ အစားအသုံးပြုနိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းသည်။ လျှပ်စစ်ကားများတွင်သာမက အခြားလောင်စာဆီသုံး မော်တော်ယာဉ်များတွင်လည်း ဘက်ထရီ အစားထိုးအဖြစ် အသုံးပြုနိုင်သည်။ **(ဝဲပုံ)**

ကမ္ဘာ့အသေးဆုံး

အဆိုပါ လစ်သီယမ်အိုင်းယွန်းဓာတ်ခဲလေးများမှာ တစ်လုံးလျှင် ၃ ဒသမ ၆ ဗို့အားရှိရာ စွမ်းရည်မြင့်မားသည်။ အနာဂတ်တွင် မော်တော်ယာဉ်အမျိုးမျိုး ဆန်းသစ်ထုတ်လုပ်မှုများအတွက် ဘက်ထရီအစားထိုး ကမ္ဘာ့အသေးဆုံးဘက်ထရီများအဖြစ် အသုံးပြုနိုင်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မောင်ချစ်ကြည်-စုစည်းသည်

ကမ္ဘာပေါ်တွင် အကြီးဆုံးဝန်ချီစက် ဂျာမနီနိုင်ငံ၌ ထုတ်လုပ်

ဘာလင် မေ ၁၅

ကမ္ဘာပေါ်တွင် အကြီးမားဆုံးဝန်ချီစက်ကို ဂျာမနီနိုင်ငံ ကာရပ်ကုမ္ပဏီက ထုတ်လုပ်လိုက်သည်။ ယင်းဝန်ချီစက်ကို ဘက်ဂါ-၂၈၈ ဟု အမည်ပေးထားပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးဝန်ချီစက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

ဘက်ဂါ-၂၈၈ အမည်ရှိ ဝန်ချီစက်ကို ၎င်းကုမ္ပဏီက မိုင်းတွင်းများအတွက် ရည်ရွယ်ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြစ်သည်။ *(အောက်ပုံ)*

တည်ဆောက်ထား

၎င်းဝန်ချီစက်လက်တံများတွင် ကုန်ပစ္စည်းများတင်ဆောင်သယ်မရန် ကြီးမားသော သံမဏိခြင်းများပါရှိပြီး ကုန်ပစ္စည်းများဆွဲမယူရန် ချိတ်ကြီးများလည်း တပ်ဆင်ထားသည်။ အဆိုပါဝန်ချီစက်လက်တံများကို ရှေ့နောက်ဝဲယာသို့ပတ်လည်ရွှေ့လျား၍ ရရန်လည်း တည်ဆောက်ထားသည်။

ဘက်ဂါ-၂၈၈ ဝန်ချီစက်သည် လက်တံအပါအဝင် အမြင့် ၃၁၁ ပေရှိပြီး ဝန်ချီစက်တစ်ခုလုံး၏ အလေးချိန်မှာ တန် ၄၅၅၀၀ ဖြစ်သည်။ ၎င်းဝန်ချီစက်ကို ဒီဇိုင်းပုံထုတ်ခြင်းနှင့် တည်ဆောက်ခြင်းတို့ကို အချိန်ငါးနှစ်တာမျှ ပြုလုပ်ခဲ့ရသည်။

သယ်မနိုင်

ဘင်ဂါ-၂၈၈ ဝန်ချီစက်သည် နေ့စဉ် ကျောက်မီးသွေးမိုင်းတွင်းများမှ ကျောက်မီးသွေးနှင့် အခြားကုန်ပစ္စည်းများကို နေ့စဉ်တန်ချိန် ၂၄၀၀၀၀ ကျော်ကို သယ်မပြောင်းရွှေ့ပေးနိုင်သည်။ ထို့အပြင် ကျောက်မီးသွေး၏ မြေအောက်အနက် ၉၈ ပေအထိ ဝန်ချီစက်လက်တံရောက်ကာ ကုန်ပစ္စည်းများသယ်မနိုင်ကြောင်း သိရသည်။

(အင်တာနက်)

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ထွက်ခွာ

ပို့ဆောင်နှုတ်ဆက်

ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၅

နေပြည်တော်၌ ရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့ပြင် တိုင်းရင်းသား တိုင်းရင်းသူလေးများက ဂါရဝပြု၍လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ လေဆိပ်အဝင် လမ်းဘေးဝဲယာ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကိုဝှေ့ယမ်း၍လည်းကောင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

"ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာအီမြောင်ဘတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ" သတင်းကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်။

အမျိုးသားရေးတာဝန်များကို ကာယ၊ ဉာဏ၊ ဝီရိယအားများပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့သည့်ဂုဏ်ကို တန်ဖိုးထားဂုဏ်ပြုခြင်းဖြစ် နောင်အနာဂတ်တွင်လည်း ဆရာကြီး ဆရာမကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုအားကိုရယူပြီး မိမိတို့၏လုပ်ငန်းတာဝန်များ အောင်မြင်သည်ထက်အောင်မြင်အောင်၊ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးပြုနိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်

ရန်ကုန် မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ခုနှစ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ၌ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်၊ အနုပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်များကိုယ်စား ပျဉ်းမနားမြင့်လှိုင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နှင့် အလုပ်အမှုဆောင်များ၊ ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်းစိစစ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် မြန်မာ့ရည်ညွှန်းကျမ်းစိစစ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကဲဖြတ် ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုထိုက်သူကို ချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ယင်းသို့ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားမျိုးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအခမ်းအနားသည် ပဉ္စမအကြိမ်မြောက် အခမ်းအနားဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်က များပြားလှသည့် လုပ်ငန်းတာဝန်များကြောင့် ယင်းသို့ ချီးမြှင့်ဂုဏ်ပြုပွဲအခမ်းအနားကို ပြုလုပ်ကျင်းပနိုင်ခဲ့ခြင်းမရှိသည့်အတွက် ယခုအခမ်းအနားတွင် ယခင်နှစ် ပျက်ကွက်မှုအတွက်ပါထပ်ပေါင်းပြီး နှစ်နှစ်စာ အခမ်းအနားနှစ်ပွဲစာ ပူးပေါင်းချီးမြှင့်ဂုဏ်ပြုသွားမည် ဖြစ်ပါကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဌာန၏ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းစဉ်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မိမိတို့ဝန်ထမ်းများ၏ အားတစ်ခုတည်းဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန် မည်သို့မျှ မဖြစ်နိုင်ကြောင်း။

ထို့အပြင် ပြီးပြည့်စုံအောင်မြင်သည့် အဆင့်တစ်ခုကိုလည်း မည်သို့မှမရောက်နိုင်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် စာပေနှင့်အနုပညာတာဝန်များကို ထမ်းဆောင်ရာတွင် ခေတ်အဆက်ဆက် စာပေနှင့်အနုပညာရှင် ဆရာကြီး ဆရာမကြီးများ၏အားကိုရယူပြီး အစဉ်တစိုက်လက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာကြီး ဆရာမကြီးများဘက်ကလည်း မိမိတို့ နှံ့သိကျွမ်းကျင်လိမ္မာသည့် စာပေနှင့်အနုပညာဆိုင်ရာလုပ်ငန်းကိစ္စရပ်များတွင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစဉ်တစိုက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သည့်အတွက် လွန်စွာပင်ကျေးဇူးကြီးမားပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် ယခုကဲ့သို့ သီးခြားအခမ်းအနားဖြင့် ချီးမြှင့်ဂုဏ်ပြုရခြင်း ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် စာပေ၊ ရုပ်ရှင်၊ ဂီတစသဖြင့် အနုပညာနယ်ပယ်အသီးသီးမှ ဂုဏ်ပြုခံ ဆရာကြီး ဆရာမကြီးပေါင်း ၁၅၂ ဦးအား ချီးမြှင့်ဂုဏ်ပြုသွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ချီးမြှင့်ရာတွင် (၁)ဆရာကြီး ဆရာမကြီးများ၏ တိုင်းပြည်နှင့်လူမျိုးအပေါ်၊ မိမိတို့ဌာနအပေါ် ထားရှိသည့် မွန်မြတ်လှသည့် စေတနာဂုဏ်၊ (၂)လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ရွေးချယ်ဆောင်ရွက်မှုများတွင် အဂတိတရား(၄)ပါးကင်းစင်ပြီး တော်တည့်မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြသည့်ဂုဏ်၊ (၃)ဆရာ ဆရာမကြီးများမှာ *စာမျက်နှာ ၈ ကော်လံ ၁* ❐